# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ဘုရားဂုဏ်ကို အာရုံပြု၍ ကောင်းစွာနိုးကြား**

နေ့ရောညဉ့်ပါ အမြဲမပြတ် ဘုရားဂုဏ်ကို အာရုံပြု၍ ဖြစ်သော သတိရှိသူ ဂေါတမမြတ်စွာဘုရား၏ တပည့်တို့သည် အခါခပ်သိမ်းကောင်းစွာ နိုးကြားသောအားဖြင့် နိုးကြားရကုန်၏။ ပကိဏ္ဏကဝဂ်(ဓမ္မပဒ-၂၉၆)


၁၃၈၃ ခုနှစ်၊ တန်ခူးလဆန်း ၉ ရက် ၂၀၂၂ ခုနှစ်၊ မေ ၉ ရက်၊ စနေနေ့ အတွဲ (၆၁)၊ အမှတ် (၁၉၁)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# လက်ဖက်အချိုခြောက်နှင့် သစ်သီးအခြောက်ခံစက်ရုံ (နောင်တရား) ဖွင့်ပွဲအခမ်းအနားကျင်းပ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်ဖွင့်လှစ်

**နေပြည်တော် မေ ၈**

လက်ဖက်အချိုခြောက်နှင့် သစ်သီးအခြောက်ခံစက်ရုံ (နောင်တရား) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) နောင်တရားမြို့ရှိ အဆိုပါစက်ရုံနေရာ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်ဖွင့်လှစ်ပေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် အဆိုပါလက်ဖက်အချိုခြောက်နှင့် သစ်သီးအခြောက်ခံစက်ရုံ (နောင်တရား)သို့ ရောက်ရှိရာ ဒေသခံတိုင်းရင်းသားပြည်သူများက

*စာမျက်နှာ ၃ ကော်လံ ၁* ●



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း နောင်တရားမြို့ရှိ လက်ဖက်အချိုခြောက်နှင့် သစ်သီးအခြောက်ခံစက်ရုံအတွင်း ကြည့်ရှုစဉ်။

**ယနေ့** ဖတ်စရာ

### ဂျပန်နိုင်ငံ အိုဆာကာတွင် ကျင်းပမည့် ၂၀၂၅ ကမ္ဘာ့ကုန်စည်ပြပွဲသို့ နိုင်ငံနှင့်ဒေသပေါင်း ၁၀၀ မှ ဝင်ရောက်ပြသမည်

နိုင်ငံတကာသတင်း စာ - ၁၄




### မေ ၈ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၉၂ ဦး တွေ့ရှိ

ပြည်တွင်းသတင်း စာ - ၁၅

## အရွယ်မရောက်သေးသူ စစ်မှုထမ်းဆောင်ခြင်း ကာကွယ်တားဆီးထိန်းသိမ်းလျက်ရှိ

မြန်မာနိုင်ငံ၏ နိုင်ငံတော်ကာကွယ်ရေး မဟာဗျူဟာမှာ တပ်မတော်ကို မဏ္ဍိုင်ပြု၍ ပြည်သူတစ်ရပ်လုံးပါဝင်သော ပြည်သူ့စစ်မဟာဗျူဟာဖြစ်သည်။ ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေတွင်လည်း နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန် တာဝန်ရှိသည်ဟူ၍ ပြဋ္ဌာန်းထားသည်။ ပြည်သူ့စစ်မဟာဗျူဟာအရလည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရလည်းကောင်း နိုင်ငံသားတိုင်း စစ်ပညာသင်ကြားရန်နှင့် စစ်မှုထမ်းရန် တာဝန်ရှိသော်လည်း ယနေ့အချိန်အထိ ကျင့်သုံးနိုင်ခြင်းမရှိသေး။ အခြေအနေ၊ အချိန်အခါတို့က တောင်းဆိုလာသည့် အနာဂတ်တစ်ချိန်ချိန်တွင်မူ မလွဲမသွေ ကျင့်သုံးကြရတော့မည်ဖြစ်သည်။

လက်ရှိကာလတွင် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို တပ်မတော်က ထမ်းဆောင်နေခြင်းဖြစ်သည်။ မြန်မာ့တပ်မတော်တွင် ဝင်ရောက်စစ်မှုထမ်းဆောင်နေကြသည့် အရာရှိ၊ အရာခံ၊ အကြပ်စစ်သည်များအားလုံးမှာ မိမိတို့၏ သဘောဆန္ဒအလျောက်သာ တပ်မတော်သို့ ဝင်ရောက်စစ်မှုထမ်းဆောင်ခဲ့ကြခြင်းဖြစ်သည်။ တပ်မတော်တွင် စစ်သည်အဖြစ် ဝင်ရောက်စစ်မှုထမ်းရန်အတွက် သတ်မှတ်ထားသည့် အသက်အရွယ်၊ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာတို့ ပြည့်စုံရန် လိုအပ်သည်။ ထို့အပြင် မိမိတို့၏ သဘောဆန္ဒအလျောက် ထမ်းဆောင်လိုသူများလည်း ဖြစ်ရမည်ဖြစ်သည်။

"ဒီ့တပ်မတော်သားတွေဟာ နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိရမယ့်သူတွေဖြစ်ပြီး နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နဲ့ ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်တွေကို ထမ်းဆောင်နေကြသူတွေဖြစ်တယ်။ နိုင်ငံတော်ကာကွယ်ရေးဟာ အနိမ့်ဆုံးအဆင့် ပြည်သူလူထုကို ကာကွယ်ရန်၊ အမြင့်ဆုံးအဆင့် နိုင်ငံတော်နှင့် အမျိုးသားရေးတာဝန်ဖြစ်တဲ့ ဒီ့တာဝန်အရေးသုံးပါးကို ကာကွယ်ရန်ဖြစ်ပြီး ဒီ့တပ်မတော်သားတွေဟာ ကိုယ်ပိုင်ဆန္ဒနဲ့အညီ ပုဂ္ဂလိကသဘောမဟုတ်ဘဲ အများအကျိုးအတွက် ကာကွယ်ရေးတာဝန်ထမ်းဆောင်နေကြတာဖြစ်တယ်" ဟူ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က (၇၇)နှစ်မြောက် တပ်မတော်နေ့မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့ရာ တပ်မတော်တွင် စစ်မှုထမ်းဆောင်နေကြသည့် တပ်မတော်သားများမှာ ကိုယ်ပိုင်ဆန္ဒဖြင့် အများအကျိုးအတွက် တာဝန်ထမ်းဆောင်နေကြခြင်းကို ဂုဏ်ပြုပြောကြားခဲ့ခြင်းဖြစ်သည်။

တပ်မတော်အတွက် စစ်သည်များ စုဆောင်းရာတွင် အရွယ်မရောက်သေးသူများနှင့် ဆန္ဒမပါသူများလည်း မှားယွင်းပါရှိလာမှုများရှိခဲ့ရာ ယင်းသို့ မှားယွင်းခဲ့သည့် တာဝန်ရှိသူ အရာရှိနှင့် စစ်သည်များကို အရေးယူပြီး အသက်မပြည့်သေးသည့် စစ်သည်ကို တပ်မတော်မှ နုတ်ထွက်စေကာ မိဘထံ ပြန်လည်လွှဲပြောင်းပေးလျက်ရှိသည်။ မြန်မာနိုင်ငံတွင် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းဆောင်ခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး ဆောင်ရွက်ရန် မြန်မာနိုင်ငံအစိုးရနှင့် ကုလသမဂ္ဂတို့ သဘောတူညီချက်ကို ၂၀၁၂ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပြီးနောက် "အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းဆောင်ခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ" က တပ်မတော်စစ်သားစုဆောင်းရေးတပ်များအပါအဝင် တပ်သားသစ်များစုဆောင်းမှုများတွင် စိစစ်ကြပ်မတ်မှုများ၊ ပညာပေးမှုများ၊ အရေးယူမှုများကို ဆောင်ရွက်လျက်ရှိသည်။ တပ်မတော်တွင် မှားယွင်းစုဆောင်းမိခဲ့သည့် အသက်မပြည့်စစ်သည် ၁၀၂၉ ဦးကို နုတ်ထွက်စေ၍ မိဘထံ ပြန်လည်လွှဲပြောင်းပေးခဲ့ပြီး ဆက်လက်စိစစ်တွေ့ရှိရသည့် အသက်မပြည့်စစ်သည် ၂၈ ဦးကို မိဘအုပ်ထိန်းသူထံ ပြန်လည်လွှဲပြောင်းနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည်။ မြန်မာ့တပ်မတော်အနေဖြင့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများအတိုင်း မပျက်မကွက် အကောင်အထည်ဖော်နေသော်လည်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ နှစ်စဉ် အစီရင်ခံစာတွင် တစ်ဖက်သတ်ပြန်လည်စာရင်းသွင်းခဲ့ခြင်းကမူ နားမလည်နိုင်စရာဟု ဆိုရမည်ဖြစ်ပါကြောင်း။ ။

## ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ် တာဝန်ကျဝန်ထမ်းများနှင့်တွေ့ဆုံ ခရီးသွားများအတွက် ထိရောက်သော ဝန်ဆောင်မှုများပေးနိုင်ရေး ဖြည့်ဆည်းဆောင်ရွက်ထားရန်မှာကြား



**နေပြည်တော် ဧပြီ ၈**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိပြီး လေဆိပ်၌ တာဝန်ထမ်းဆောင်နေသည့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန နေပြည်တော်အပြည်ပြည်ဆိုင်ရာ လေဆိပ်တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဇင်ဝင်းက နေပြည်တော်လေဆိပ်၏ ခရီးသည် ဝင်/ထွက်မှု၊ လူဝင်မှုစစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်မှုနှင့် ကြိုတင်ပြင်ဆင်ထားရှိမှုကိုလည်းကောင်း၊ အမြဲတမ်းအတွင်းဝန် ဦးအောင်ကျော်စိုးက ဝန်ထမ်းများအနေဖြင့် ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်နှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရေး၊ ကာကွယ်ဆေးအပြည့်အဝထိုးနှံရေး၊ ပြည်တွင်းလေကြောင်းလိုင်းများဖြင့် သွားလာကြသည့် နိုင်ငံသားများအား နိုင်ငံသားကတ် (မှတ်ပုံတင်) စစ်ဆေးမည့်အစီအစဉ်၊ ဝန်ထမ်းကျင့်ဝတ်နှင့်အညီ ကျင့်ကြံနေထိုင်၍ လုံခြုံမှုအဆင့်ရှိ စာရွက်စာတမ်းများ စနစ်တကျ ထိန်းသိမ်းရေးကိစ္စရပ်များကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်းပြီး ပြည်ထောင်စုဝန်ကြီးက နိုင်ငံအတွင်း အကြောင်းအမျိုးမျိုးဖြင့် ဝင်ရောက် သွားလာနေကြသည့် နိုင်ငံခြားသားများနှင့် ပတ်သက်သည့် နိုင်ငံခြားသား ထိန်းသိမ်းရေးဆိုင်ရာ စီမံခန့်ခွဲမှုစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံခြားသားများ၊ မြန်မာနိုင်ငံသားများ နိုင်ငံအတွင်း ဝင်ရောက်ရာတွင် လွယ်ကူချောမွေ့စေရေးအတွက် နိုင်ငံတကာလေကြောင်းခရီးစဉ်များကို ယာယီ ကန့်သတ်ထားရာမှ လာမည့် ဧပြီ ၁၇ ရက်မှစ၍ ပြည်ဝင်ဗီဇာနှင့် ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ပုံမှန်ပြန်လည် ပြေးဆွဲခွင့်ပြုမည်ကို သက်ဆိုင်ရာမှ ထုတ်ပြန်ထားပါကြောင်း၊ မိမိတို့ဌာနအနေဖြင့်လည်း ခွင့်ပြုချက်အရ ဧပြီ ၁ ရက်မှစ၍ e-Visa စနစ်ဖြင့် Business Visa ( လုပ်ငန်းဗီဇာ )ကို စတင်လျှောက်ထားခွင့်ပြုကြောင်း ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါကြောင်း၊ ယင်းသို့ ပြည်ပလေကြောင်းခရီးစဉ်များ ပြန်လည်ပြေးဆွဲခွင့်ပြုရာတွင် မိမိတို့ဌာနမှ အပြည်ပြည်ဆိုင်ရာလေဆိပ် တာဝန်ကျဝန်ထမ်းများအနေဖြင့် လိုအပ်သည်များကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြရန် လိုအပ်ပါကြောင်း၊ လူဝင်မှုစစ်ဆေးရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးနှင့် ခရီးသွားများအတွက် ထိရောက်သော ဝန်ဆောင်မှုများ ပေးနိုင်ရေးအတွက် အဘက်ဘက်က ဖြည့်ဆည်းဆောင်ရွက်ထားကြရမည် ဖြစ်ပါကြောင်း၊ ခရီးသွားများအပေါ် ယဉ်ကျေးပျူငှာစွာ ဆက်ဆံ ဆောင်ရွက်ကြရန်နှင့် မိမိတို့၏ ဆက်ဆံဆောင်ရွက်မှုသည် နိုင်ငံ၏ပြယုဂ်ဖြစ်သည်ကို အလေးဂရုပြုကြစေလိုကြောင်း၊ အခြားသော ဆက်စပ်ဌာနအဖွဲ့အစည်းများနှင့်လည်း ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ကြရန်နှင့် လုပ်ငန်းလိုအပ်ချက်များကို အချိန်မီ တင်ပြဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ် ပြည်ပထွက်ခွာနေရာရှိ လူဝင်မှုစစ်ဆေးရေးကောင်တာများ၊ ဆိုက်ရောက်ဗီဇာ (Visa on Arrival) ကောင်တာနှင့် ပြည်ပဆိုက်ရောက်နေရာရှိ လူဝင်မှုစစ်ဆေးရေး ကောင်တာများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ (**အပေါ်ပုံ**) တာဝန်ရှိသူများက ခရီးသည်များအတွက် လူဝင်မှုစစ်ဆေးဆောင်ရွက်မည့် အခြေအနေများကို လိုက်လံရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက လုံခြုံရေးသတိ၊ ကျန်းမာရေးအသိတို့ဖြင့် ဂရုပြုဆောင်ရွက်ကြရေး မှာကြားကာ လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန၊ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်း ကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဧပြီ ၈**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ **မိုး/ဇလ**

## " မင်္ဂလာပါ အတာသင်္ကြန် " တေးဂီတ ဖျော်ဖြေပွဲအစီအစဉ်ကို မြန်မာ့ရုပ်မြင်သံကြား၌ပြသမည်

**နေပြည်တော် ဧပြီ ၈**

ပြည်သူများ အပန်းပြေစေရန်၊ ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များကို တိုးမြှင့် တင်ဆက်လျက်ရှိရာ ၁၃၈၃ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှုအတာသင်္ကြန်ပွဲတော်အစီအစဉ်အဖြစ် "**မင်္ဂလာပါ အတာသင်္ကြန်** " တေးဂီတဖျော်ဖြေပွဲကို ဧပြီ ၁၀ ရက်မှ ၁၆ ရက်အထိ ညစဉ် ည ၉ နာရီခန့်တွင် MRTV-HD Channel မှ ထုတ်လွှင့်ပြသမည်ဖြစ်သည်။




အဆိုပါ တေးဂီတဖျော်ဖြေပွဲ အစီအစဉ်ကို စန္ဒရားမောင်လှအေး၊ ဂီတဥ္စလီနှင့် ရွှေသံစဉ်တီးဝိုင်းတို့က နာမည်ကျော် အဆိုတော်များဖြစ်ကြသည့် သန်းမြတ်စိုး၊ ဂျက်မြသောင်း၊ တက္ကသိုလ် ကိုကိုဇော်၊ ရဲထိုက်၊ ဝိုင်းလမင်းအောင်၊ ဆူးနစ်၊ ယဉ်ဝေယံထွန်း၊ ပန်းအိဖြူ၊ သက်မှုးခင်၊ ယဉ်လက်၊ ရွှေရူပါဦး၊ နေခြည်၊ နန်းKZ ၊ မြင့်မိုရ်သွန်းခ၊ အိအိလှိုင်၊ နန်းစန္ဒီ၊ မြနန္ဒာတို့နှင့်အတူ အတာသင်္ကြန် တေးသီချင်းများအပြင် ပျော်ရွှင်မြူးကြွမည့် တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

ယင်းအစီအစဉ်တွင် အုန်းလက်ရေကစားမဏ္ဍပ်များ၌ စတုဒိသာကျွေးမွေးခြင်း စသည့်သင်္ကြန်ပုံရိပ်များကိုလည်း ရိုက်ကူးပြသမည်ဖြစ်ပြီး ယင်းတင်ဆက်မှုကို နောက်တစ်နေ့ မွန်းလွဲ ၁ နာရီခွဲခန့်တွင် ဒုတိယအကြိမ် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း လက်ဖက်အချိုခြောက်နှင့် သစ်သီးအခြောက်ခံ စက်ရုံ (နောင်တရား) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

● ရှေ့ဖုံးမှ

လိုက်လှဲစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အတူ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ညိုစော၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်ဇော်အေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ)မှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ၊ ဒုတိယဝန်ကြီးများ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ ဒေသခံတိုင်းရင်းသားများ တက်ရောက်ကြသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ဦးစွာ လက်ဖက်အချိုခြောက်နှင့် သစ်သီးအခြောက်ခံစက်ရုံ(နောင်တရား) ဖွင့်ပွဲအခမ်းအနားအား ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ညိုစော၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင်နှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌ ဦးခွန်ရဲထွေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

**စက်ခလုတ်နှိပ်ဖွင့်လှစ်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက လက်ဖက်အချိုခြောက်နှင့် သစ်သီးအခြောက်ခံစက်ရုံ(နောင်တရား) ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များက လက်ဖက်ရွက်စိမ်းများအား ဘတ်ကွန်ပေယာဇယားအတွင်းသို့ ထည့်သွင်းကြပြီး စက်ရုံအား စတင်လည်ပတ်စေသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများသည် လက်ဖက်အချိုခြောက်နှင့် သစ်သီးအခြောက်ခံစက်ရုံ(နောင်တရား) မှခ်ဦးရှေ့၌ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြပြီး စက်ရုံအတွင်း သစ်သီးအခြောက်ခံမှုလုပ်ငန်း အဆင့်ဆင့်နှင့် လက်ဖက်အချိုခြောက်ထုတ်လုပ်နေမှု အဆင့်ဆင့်တို့အား တာဝန်ရှိသူများနှင့်အတူ လှည့်လည်ကြည့်ရှုကြသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက စက်ရုံမှ ဝန်ထမ်းများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

အခမ်းအနားအစီအစဉ်အရ စက်ရုံရှင်းလင်းဆောင်၌ လက်ဖက်အချိုခြောက်နှင့် သစ်သီးအခြောက်ခံစက်ရုံ(နောင်တရား)ဆိုင်ရာ Documentary Video Clip အား ပြသသည်။ ထို့နောက် မြန်မာစီးပွားရေးကော်ပိုရေးရှင်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်းက စက်ရုံဆိုင်ရာ အချက်အလက်များအား ရှင်းလင်းတင်ပြသည်။

**အမှာစကားပြောကြား**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလခရီးစဉ်တွင် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ အထောက်အကူဖြစ်စေရန် ရည်ရွယ်ပြီး နောင်တရားဒေသအတွင်း လက်ဖက်အခြောက်ခံစက်ရုံဖွင့်လှစ်ရေး လမ်းညွှန်ချက်နှင့်အညီ လက်ဖက်အချိုခြောက်နှင့် သစ်သီးအခြောက်ခံစက်ရုံ(နောင်တရား)ကို ဖွင့်လှစ်ခြင်းဖြစ်၍ ပအိုဝ်းဒေသတိုင်းရင်းသားများအတွက် ဂုဏ်ယူဝမ်းမြောက်ဖွယ် နေ့တစ်နေ့ဖြစ်ပါကြောင်း၊ ဒေသတွင် လက်ဖက်ကို လွန်ခဲ့သည့် ရှေးနှစ်ပေါင်း ၂၀၀ ခန့်က စတင်စိုက်ပျိုးခဲ့ကြပြီး အသက်မွေးဝမ်းကျောင်းအတွက် အဓိကကျသော လုပ်ငန်းတစ်ရပ်အနေဖြင့်မဟုတ်ဘဲ ဖြည့်စွက်သီးနှံအနေဖြင့် စိုက်ပျိုးခဲ့ကြကြောင်း၊ အရွက်အညွှန့်များ ခူးရာတွင်လည်း ထွက်ရှိသရွေ့ မခူးနိုင်ဘဲ ဝယ်လိုအားအရသာ ခူးဆွတ်၍ ရသည့်ဈေးဖြင့်သာ ရောင်းချခဲ့ရကြောင်း၊ နောင်တရားပတ်ဝန်းကျင် ကျေးရွာအုပ်စု ရှစ်စုတွင် လက်ရှိလက်ဖက်စိုက်ဧက စုစုပေါင်း ၄၅၂၆ ဧကခန့်နှင့် တစ်ဧကပျမ်းမျှ လက်ဖက်ရွက်စိမ်း ပိဿာ၆၀၀ ခန့် ထွက်ရှိပြီး တစ်နှစ်စုစုပေါင်း လက်ဖက်ရွက်စိမ်း ၂ ဒသမ ၇ သန်း ပိဿာခန့် ထွက်ရှိကြောင်းနှင့် ပင်လောင်းမြို့နယ်အတွင်းတွင် လက်ဖက်စိုက်ဧက ၁၅၅၄၃ ဧကမှ တစ်နှစ်လက်ဖက်ရွက်စိမ်း ပိဿာ ၆၆၁၀၂၀၀ ခန့် ထွက်ရှိသည့်အတွက် ဒေသတစ်ခုလုံးတွင် လက်ဖက်ရွက်စိမ်းထွက်ရှိမှုအနေဖြင့် ပိဿာ ၉၃၂၅၈၀၀ (၁၅၃၃၈)တန် ထွက်ရှိသည်ကို တွေ့ရှိရကြောင်း၊ ဒေသအတွင်း သရက်၊ နဂါးမောက်၊ လိမ္မော်၊ ထောပတ်၊ နာနတ်နှင့် ငှက်ပျောသီးများထွက်ရှိပြီး ပင်လောင်း၊ အောင်ပန်း၊ တောင်ကြီးမြို့များသို့ တင်ပို့ရောင်းချမှုရှိသော်လည်း အဓိကအားဖြင့် ပင်လောင်းမြို့ ဈေးကွက်အတွင်းကိုသာ တင်ပို့နိုင်ကြောင်းကို တွေ့ရှိရကြောင်း၊ လက်ဖက်ခြောက်နှင့် သစ်သီးအခြောက်ခံ စက်ရုံ(နောင်တရား)ကို တည်ဆောက်ပြီး တန်ဖိုးမြင့် လက်ဖက်အချိုခြောက်ထုတ်ကုန်အဖြစ် ထုတ်လုပ်နိုင်ခြင်းဖြင့် နောင်တရားနှင့် ပင်လောင်းဒေသ အနီးပတ်ဝန်းကျင်မှ ထွက်ရှိသည့် လက်ဖက်

*စာမျက်နှာ ၅ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း လက်ဖက်အချိုခြောက်နှင့် သစ်သီးအခြောက်ခံ စက်ရုံ(နောင်တရား) ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

**■ လက်ဖက်အချိုခြောက်နှင့် သစ်သီးအခြောက်ခံစက်ရုံ (နောင်တရား) မှ တစ်ရက် ၈ နာရီ တစ်ဆိုင်းဖြင့် ထုတ်လုပ်ပါက လက်ဖက်ကုန်ချော လက်ဖက်အချိုခြောက် ၁၁၃၆ ကီလိုဂရမ် ထုတ်လုပ်နိုင်ပြီး တစ်နှစ်လျှင် စက်လည်ရက် ၂၂၄ ရက်ဖြင့် လက်ဖက်ကုန်ချော လက်ဖက်အချိုခြောက် ကီလိုဂရမ် ၄၈၈၀၀၀ (၅၃၈ တန်)ခန့် ထုတ်လုပ်နိုင်မည်**

# ရှမ်းပြည်နယ်အနေဖြင့် နိုင်ငံတော်၏စီးပွားရေးကို အဓိကအထောက်အကူပြုသည့် ပြည်နယ်ဖြစ်အောင် ဖော်ဆောင်နိုင်ရေး စုပေါင်းညီညာစွာဖြင့် ပြည်နယ်ကြီးဖွံ့ဖြိုးတိုးတက်ရန် ဌာနဆိုင်ရာများမှ မဆုတ်မနစ် ကြိုးစားသွားကြရန်လို




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

**နေပြည်တော် မေ ၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ယနေ့မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများအား တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်ဇော်အေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်**

ဦးစွာအစည်းအဝေးသို့တက်ရောက်လာကြသည့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာမှ တာဝန်ရှိသူများက တစ်ဦးချင်းအလိုက် မိတ်ဆက်ကြသည်။ ထို့နောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းကရှမ်းပြည်နယ်၏ အုပ်ချုပ်ရေး ၊စီးပွားရေး၊ လူမှုရေး စသည့် ဒေသဆိုင်ရာ အခြေအနေများအား ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက သိရှိလိုသည်များ မေးမြန်းပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**အမှာစကားပြောကြား**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က အမှာစကားပြောကြားရာ၌ ရှမ်းပြည်နယ်အနေဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်ကာလအတွင်းကိုဗစ်-၁၉ ကပ်ရောဂါ၏ ရိုက်ခတ်မှုကြောင့် စက်မှုလက်မှုကုန်ထုတ်လုပ်ငန်းများအပါအဝင် စီးပွားရေးလုပ်ငန်းများသည် အခြားသောတိုင်းဒေသကြီး၊ ပြည်နယ်များနှင့် ကမ္ဘာ့နိုင်ငံများအပေါ် အနည်းနှင့်အများဆိုသလို သက်ရောက်မှုရှိခဲ့၍ ရည်မှန်းထားသည့် GDP အောက် လျော့နည်းမှုဖြစ်ခဲ့ကြောင်း၊ ပြည်နယ်အတွင်း ရှိပြီးဖြစ်သော အခြေအနေ အခွင့်အလမ်းကောင်းများဖြင့် GDP တိုးတက်ရရှိရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ ဒယ်တာ၊ အိုမီခရွန်လှိုင်းများကို သစ္စာရှိနိုင်ငံဝန်ထမ်းများ၊ ပြည်သူလူထု၏ ပေါင်းစည်းစွမ်းအားဖြင့် ကာကွယ်၊ ထိန်းချုပ်၊ ကုသခြင်းဆိုင်ရာ လုပ်ငန်းများ ကောင်းမွန်စွာဆောင်ရွက်နိုင်ခဲ့ကြောင်း၊ အထူးသဖြင့် ကာကွယ်ဆေးထိုးနှံခြင်းကို ဧပြီလကုန်တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နှစ်ကြိမ်ပြီးစီးနိုင်ရေး ရည်မှန်းချက်ထား ဖော်ဆောင်လျက်ရှိကြောင်း၊ အိုမီခရွန်လှိုင်းကို အတိုင်းအတာတစ်ခုအထိ ကြံ့ကြံ့ခံနိုင်ခြင်းသည် ကာကွယ်ဆေး လက်ဦးမှုရယူထိုးနှံနိုင်ခဲ့မှုသည်လည်း အရေးကြီးသည့် အချက်တစ်ချက်အဖြစ် ပါဝင်ပါကြောင်း၊ ကာကွယ်ဆေးများ လုံလောက်စွာရှိပြီးဖြစ်၍ ပြည်နယ်အတွင်း နှစ်ကြိမ်ပြည့်ထိုးနှံရန် ကျန်ရှိသူများကို အင်တိုက်အားတိုက် ဆက်လက်ထိုးနှံနိုင်ရေး ပူးပေါင်းဆောင်ရွက်ရန် လိုကြောင်း။

**ထိရောက်အကျိုးရှိစွာ အသုံးချ**

ရှမ်းပြည်နယ်၏ မြေအသုံးချမှုတွင် မြေဧက ၃၈ ဒသမ ၅ သန်းကျော်အနက် အသားတင်စိုက်ပျိုးမြေမှာ ၃ ဒသမ ၁ သန်းကေကျော်ရှိ၍ ၁၀ ရာခိုင်နှုန်းခန့်သာ ရှိသဖြင့် ထိရောက်အကျိုးရှိစွာ အသုံးချနိုင်ရန် လိုကြောင်း၊ ဒေသအလိုက် စားရေရိက္ခာဖူလုံစေရေးအတွက် မျိုး၊ မြေ၊ ရေနှင့် စိုက်နည်းစနစ်တို့ မှန်ကန်ကောင်းမွန်စွာဖြင့် ဒေသအလိုက် သတ်မှတ်ထားသော ပန်းတိုင်အထွက်နှုန်းရရှိအောင် ဆောင်ရွက်ရန် လိုကြောင်း၊ ရှိပြီးဖြစ်သည့် မြေကိုသီးထပ်၊ သီးညှပ်များဖြင့် အထွက်နှုန်းမြင့်မားအောင် ဆောင်ရွက်ခြင်းသည် မြေယာအသစ် ဖော်ထုတ်လုပ်ကိုင်ခြင်းထက် အကျိုးများနိုင်ကြောင်း၊ ဒေသတွင်းသီးနှံအထွက် ဖူလုံမှသာ ပြင်ပသို့ တင်ပို့ရောင်းချနိုင်ပြီး တစ်ဦးချင်း ဝင်ငွေ တိုးတက်ရရှိမှုမှတစ်ဆင့် ငွေကြေးလည်ပတ်စီးဆင်းမှု မြင့်မားစေမည်ဖြစ်ကြောင်း။

**ကာကွယ်တားဆီးထိန်းသိမ်း**

အလားတူ မွေးမြူရေးကဏ္ဍတွင်လည်း အသား၊ ငါးနှင့် ဥထုတ်လုပ်မှုများကိုဖူလုံရန်အပြင် ပိုလျှံအောင် ကြိုးပမ်းရန်နှင့် တိရစ္ဆာန်စွန့်ပစ်ပစ္စည်းများကို စွမ်းဆောင်ရည်မြင့် နည်းပညာများဖြင့် ပြန်လည်အသုံးချနိုင်ရေး ဆောင်ရွက်ရန်မှာလည်း အရေးကြီးကြောင်း၊ ထို့အပြင် သစ်တောကြိုးဝိုင်း/ပြင်များမှ တရားမဝင်သစ်ခိုးထုတ်မှုများအပြင် မြေပေါ်မြေအောက် သယံဇာတခိုးထုတ်မှုများကို သက်ဆိုင်ရာ တာဝန်ရှိဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသခံများဖြင့် ပူးပေါင်း၍ ကာကွယ်တားဆီးထိန်းသိမ်းသွားရမည်ဖြစ်ကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ် လမ်းညွှန်သည့် ဆီ ၂ ဆီကိစ္စနှင့် ပတ်သက်၍လည်း စားသုံးဆီအသုံးပြုမှု လျှော့ချရန်လိုသလို ပြည်တွင်းစားသုံးဆီ ဖူလုံပိုလျှံရန် လိုအပ်ကြောင်း၊ ပြည်တွင်းဆီထွက်သီးနှံ တိုးတက်ထုတ်လုပ်မှုကို တိုးမြှင့်ခြင်းဖြင့် ကျန်းမာရေးအတွက် အထောက်အကူပြုနိုင်သကဲ့သို့ ပြည်ပမှ စားသုံးဆီတင်သွင်းမှုကို လျှော့ချနိုင်မှာဖြစ်၍ နိုင်ငံခြားငွေသုံးစွဲမှုကို အတိုင်းအတာတစ်ခုအထိ ချွေတာနိုင်မည်ဖြစ်ကြောင်း၊ အလားတူ စက်သုံးဆီသုံးစွဲမှုကိုလည်း ခြိုးခြံချွေတာသုံးစွဲခြင်းဖြင့် နိုင်ငံခြားငွေသုံးစွဲမှုကိုလည်း လျှော့ချနိုင်မည်ဖြစ်ပါကြောင်း။

**ဌာနအချင်းချင်း ပူးပေါင်းဆောင်ရွက်**

ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ရာတွင် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပြည်နယ်အစိုးရတို့၏ ချမှတ်ပေးသော ရည်မှန်းချက်များနှင့်အညီ ဌာနအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ရန်လိုကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ် (၅)ရပ်ပါ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲကျင်းပရာတွင် မဲခိုးမှု၊ မဲမသမာမှုစသောဖြေရှင်းမရသည့် ရှုပ်ထွေးမှုများ မဖြစ်ပေါ်စေရန် ပန်းခင်းစီမံချက်ကို အလေးထားအကောင်အထည်ဖော်လျက်ရှိကြောင်း၊ အိမ်ထောင်စုစာရင်းမှန်ကန်ရေး၊ နိုင်ငံသားစိစစ်ရေးကတ် မှန်ကန်စွာရရှိရေးတို့အတွက် သက်ဆိုင်ရာ တာဝန်ရှိဌာနဆိုင်ရာများက ဆောင်ရွက်လျက်ရှိပြီး မဲစာရင်းမှန်ကန်ရေးအတွက်လည်း အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ နည်းပညာအထောက်အကူပြုအဖွဲ့များဖြင့် အသေးစိတ် ပြန်လည်စိစစ်ပြီးနောက် ရပ်ကွက်၊ ကျေးရွာအထိ အိမ်ထောင်စုတစ်စုချင်းအလိုက် တစ်အိမ်တက်၊ တစ်အိမ်ဆင်းစနစ်ဖြင့် မဲစာရင်းမှန်ကန်စေရေး ရည်ရွယ်ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ပြည်နယ်အတွင်း တာဝန်ပေးအပ်လာပါက ဝိုင်းဝန်းပူးပေါင်းပါဝင်ကြရန် လိုကြောင်း။

*စာမျက်နှာ ၅ သို့*

❖ ရှမ်းပြည်နယ်၏ မြေအသုံးချမှုတွင် မြေဧက ၃၈ ဒသမ ၅ သန်းကျော်အနက် အသားတင်စိုက်ပျိုးမြေမှာ ၃ ဒသမ ၁ သန်းကေကျော်ရှိ၍ ၁၀ ရာခိုင်နှုန်းခန့်သာ ရှိသဖြင့် ထိရောက်အကျိုးရှိစွာ အသုံးချနိုင်ရန်လို၊ ဒေသအလိုက် စားရေရိက္ခာဖူလုံစေရေးအတွက် မျိုး၊ မြေ၊ ရေနှင့် စိုက်နည်းစနစ်တို့ မှန်ကန်ကောင်းမွန်စွာဖြင့် ဒေသအလိုက် သတ်မှတ်ထားသော ပန်းတိုင်အထွက်နှုန်းရရှိအောင် ဆောင်ရွက်

❖ ပြည်နယ်အတွင်း စားရေရိက္ခာဖူလုံမှုမှ ပိုလျှံအောင်ဆောင်ရွက်၍ ပြင်ပသို့ တင်ပို့ရောင်းချနိုင်အောင် ဆောင်ရွက်ခြင်းဖြင့် ဝင်ငွေတိုးတက်ရရှိမည်ဖြစ်ရာ တစ်ဦးချင်းဝင်ငွေတိုးမြှင့်ရန် ကြိုးပမ်းရမည်၊ တစ်ဦးချင်းဝင်ငွေတို့မှ သတ်မှတ်ထားသော အခွန်အခများပေးဆောင်ခြင်းဖြင့် နိုင်ငံ့ဝန်ကို ထမ်းရာရောက်ပြီး နိုင်ငံတော်အနေဖြင့်လည်း ဝင်ငွေရရှိကာ လည်ပတ်ငွေ များလာမည်

စာမျက်နှာ ၄ မှ

## ဝင်ငွေတိုးတက်ရရှိမည်

ပြည်နယ်အတွင်း စားရေရိက္ခာဖူလုံမှုမှ ပိုလျှံအောင်ဆောင်ရွက်၍ ပြင်ပသို့ တင်ပို့ရောင်းချနိုင်အောင် ဆောင်ရွက်ခြင်းဖြင့် ဝင်ငွေတိုးတက်ရရှိမည်ဖြစ်ရာ တစ်ဦးချင်းဝင်ငွေ တိုးမြှင့်ရန် ကြိုးပမ်းရမည်ဖြစ်ကြောင်း၊ တစ်ဦးချင်းဝင်ငွေတို့မှ သတ်မှတ်ထားသော အခွန်အခများပေးဆောင်ခြင်းဖြင့် နိုင်ငံ့ဝန်ကိုထမ်းရာရောက်ပြီး နိုင်ငံတော်အနေဖြင့်လည်း ဝင်ငွေရရှိကာ လည်ပတ်ငွေ များလာမည်ဖြစ်ကြောင်း၊ ကုန်စည်ထုတ်လုပ်ရာတွင် ကုန်ကြမ်းရောင်းချခြင်းထက် နည်းပညာဖြင့်ကြံဆ၍ တန်ဖိုးမြှင့်ထွက်ကုန် (Value added)ရရှိရန် ကြိုးစားရမည်ဖြစ်ကြောင်း၊ ဌာနဆိုင်ရာများအနေဖြင့်လည်း နိုင်ငံတော်အတွက်လုပ်ငန်းအရ ဝင်ငွေရှာဖွေပေးသောဌာနနှင့် ဝန်ဆောင်မှုပေးသောဌာနဟူ၍ရှိပြီး ဝင်ငွေရှာဖွေပေးရသော ဌာနများအနေဖြင့်လည်း မှန်မှန်ကန်ကန်ဖြင့် ဆောင်ရွက်ရန်လိုပြီး အခွန်အခမှစ၍ ဝင်ငွေရလုပ်ငန်းများအား အပြည့်အဝရရှိရေး တိကျမှန်ကန်စွာ ဆောင်ရွက်သွားရန်လိုသလို မလိုအပ်ဘဲ အသုံးစရိတ်များခြင်း၊ ပြုန်းတီးခြင်းမရှိအောင်လည်း စိစစ်သုံးစွဲကြမှာဖြစ်ကြောင်း၊ သို့မှသာ ဒေသနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အရေးကြီးသည့် ကျန်းမာရေး၊ ပညာရေးနှင့် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ စသည့်ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ပြည်နယ်အနေဖြင့် နိုင်ငံတော်ဝန်ကြီးချုပ် လမ်းညွှန်ခဲ့သည့် အမျိုးသားရေးလုပ်ငန်းစဉ်ဖြစ်သော တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို အလေးထားလိုက်နာဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံရေးလုပ်ငန်းစဉ်အဖြစ် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်မှုတွင် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးသည် မဖြစ်မနေလိုအပ်၍ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီအဆင့်ဆင့် ဖွဲ့စည်းကာ ညှိနှိုင်းရေးကော်မတီအနေဖြင့် သက်ဆိုင်ရာပါတီများ၊ NCA လက်မှတ်ရေးထိုးပြီးနှင့် ရေးထိုးရန်ညှိနှိုင်းဆဲ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် ဆွေးနွေးမှုများ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ရှမ်းပြည်နယ်သည် အိမ်နီးချင်းနိုင်ငံတို့နှင့် ထိစပ်သော နယ်နိမိတ်များရှိ၍ ဌာနအကြီးအကဲများအနေဖြင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု မထိခိုက်စေရန်နှင့် နိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁ ပါ နိုင်ငံခြားရေးမူဝါဒကို သိရှိလိုက်နာရန်လိုကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ ကျောင်းသား၊ ကျောင်းသူအားလုံး အနိမ့်ဆုံး KG+9 အထိ မဖြစ်မနေသင်ကြားတတ်မြောက်နိုင်ရေး စီမံဆောင်ရွက်ပေးရန်လိုကြောင်း၊ ရှမ်းပြည်နယ်အနေဖြင့် နိုင်ငံတော်၏ စီးပွားရေးကို အဓိကအထောက်အကူပြုသည့် ပြည်နယ်ဖြစ်အောင် ဖော်ဆောင်နိုင်ရေး စုပေါင်းညီညာစွာဖြင့် ရှမ်းပြည်နယ်ကြီး ဖွံ့ဖြိုးတိုးတက်ရန် ဌာနဆိုင်ရာများမှ မဆုတ်မနစ် ကြိုးစားသွားကြရန်လိုကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

စာမျက်နှာ ၃ မှ

ရွက်စိမ်းများကို ထွက်ရှိသလောက် ဆွတ်ခူးရောင်းချနိုင်မည်ဖြစ်ပြီး ဒေသခံလက်ဖက်စိုက် တောင်သူများ၏ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်ကောင်းမွန်လာမည်ဖြစ်သလို ဒေသအတွင်း၌ စိုက်ပျိုးသည့် အသီးများကိုလည်း လေလွင့်ဆုံးရှုံးမှုမရှိစေဘဲ သစ်သီးခြောက်အဖြစ် ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်ပြီး ဈေးကွက်အတွင်း တင်ပို့ရောင်းချနိုင်မည်ဖြစ်သည့်အတွက် ဝင်ငွေပိုမိုတိုးတက်ရရှိနိုင်မည်ဖြစ်ကြောင်း၊ လက်ဖက်အချိုခြောက်ထုတ်လုပ်ရာတွင် မိရိုးဖလာထုတ်လုပ်မှု Orthodox နည်းစနစ်နှင့် CTC ခေတ်မီနည်းစနစ်ဟူ၍ နည်းစနစ် နှစ်မျိုးရှိသည့်အနက် ယခုစက်ရုံ၏ တပ်ဆင်ထားသည့်စနစ်မှာ CTC (Crush, Tear, Curt) စနစ်ဖြစ်ပြီး လက်ဖက်အချိုခြောက်၏ အရည်အသွေးကို မြင့်မားစွာထုတ်လုပ်နိုင်သည့်အပြင် အလေအလွင့်နည်းပါးစွာဖြင့် ထုတ်လုပ်နိုင်မည်ဖြစ်သည့်အတွက် စီးပွားရေးအရ ပိုမိုတွက်ခြေကိုက်မှာဖြစ်ကြောင်း၊ တစ်ရက်လျှင် ၈ နာရီ ကုန်ကြမ်း ၅ တန် ကြိတ်ဝါးပါက ကုန်ချော ၁ ဒသမ ၁ တန် ထွက်ရှိမည့် CTC အချိုခြောက်စက်များ တပ်ဆင်ထားခြင်းဖြစ်ကြောင်း၊ ရှမ်းပြည်နယ်တောင်ပိုင်း (တောင်ကြီး)ခရိုင် ပင်လောင်းမြို့နယ်မှာရှိသည့် နောင်တရားမြို့အတွင်း ယခုကဲ့သို့ လက်ဖက်ခြောက်နှင့် သစ်သီးအခြောက်ခံစက်ရုံကြီး တည်ဆောက်ဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များအနေဖြင့် ရှမ်းပြည်နယ်တောင်ပိုင်း (နောင်တရား) ဒေသ ၊ ပင်လောင်းဒေသနှင့် အနီးဝန်းကျင်ဒေသများတွင် ထွက်ရှိသည့် သစ်သီးများကို အခြောက်ခံပြီး အသီးအခြောက်ပြုလုပ်ကာ ပြည်တွင်း၊ ပြည်ပဈေးကွက်အတွင်း အဆင့်မြင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်ရောင်းချပြီး ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေပြီး ဝင်ငွေတိုးပွားစေရန်ဖြစ်ကြောင်း၊ ပင်လောင်း– နောင်တရားဒေသများသည် ပတ်ဝန်းကျင်ရှိ ရွာင်၊ ပင်းတယမြို့များထက် စိုက်ကေများသော်လည်း အကျိုးမြတ်ရရှိမှုနည်းသဖြင့် လက်ဖက်ခြံလုပ်ငန်းများနှင့် အသီးခြံလုပ်ငန်းများ စွန့်ခွာမည့် အခြေအနေများ ဖြစ်ပေါ်လျက်ရှိရာ စက်ရုံမှဝယ်ယူမည့် လက်ဖက်နှင့် သစ်သီးကုန်ကြမ်းဝင်ငွေပုံမှန်ရရှိလာမည်ဖြစ်၍ လက်ဖက်နှင့် သစ်သီးခြံလုပ်ငန်းများ ဆက်လက်လုပ်ကိုင် ဆောင်ရွက်နိုင်စေရန်ဖြစ်ကြောင်း။



ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ညီစော၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်နီလင်းအောင်နှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌ ဦးခွန်ရဲထွေးတို့က လက်ဖက်အချိုခြောက်နှင့် သစ်သီးအခြောက်ခံစက်ရုံ(နောင်တရား) အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

### ရေရှည်ရပ်တည်နိုင်ရေး ထိန်းသိမ်း

လက်ဖက်ရွက်စိမ်းများနှင့် ဒေသထွက် သစ်သီးဝလံများ ဈေးကွက်ခိုင်မာရှင်သန်လာသည်နှင့် စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးလာပြီး ပအိုဝ်းဒေသတွင် အစားထိုးလက်ဖက်သီးနှံအဖြစ် တိုးချဲ့စိုက်ပျိုးနိုင်ခြင်း၊ ဒေသအတွင်းအလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုတိုးတက်ရရှိလာခြင်းနှင့် တောင်သူများ၏ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်ကောင်းမွန်လာနိုင်ခြင်းစသော အကျိုးကျေးဇူးများမှတစ်ဆင့် နိုင်ငံသာယာဝပြောရေး၊ စားရေရိက္ခာပေါများဖူလုံရေးနှင့် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုမည်ဖြစ်သည့်အတွက် လက်ဖက်အချိုခြောက်နှင့် သစ်သီးအခြောက်ခံစက်ရုံ (နောင်တရား)အား ရင်းနှီးမြှုပ်နှံမှုပမာဏများစွာဖြင့် တည်ဆောက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ယခုဖွင့်လှစ်လိုက်သည့် လက်ဖက်ခြောက်နှင့် သစ်သီးအခြောက်ခံစက်ရုံ(နောင်တရား)သည် နောင်တရားမြို့အပါအဝင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွက် အဆင့်အတန်းမြင့်မား၍ ဂုဏ်ယူဖွယ်ကောင်းသော စက်ရုံကြီးအဖြစ် တည်ရှိနေမည်ဖြစ်ကြောင်း၊ ဒေသအတွက်အများနှင့် သက်ဆိုင်သော ပထမဆုံးတစ်ခုတည်းသော စက်ရုံကြီးဖြစ်ပြီး နိုင်ငံတော်ဝန်ကြီးချုပ်၏ **လမ်းညွှန်ချက်နှင့်အညီ** ဖြစ်ပေါ်လာမည့် အသီးအပွင့်အခွင့်အလမ်းများကို လက်ဝယ်ပိုင်ပိုင်ရယူကြရန် တစ်နည်းအားဖြင့် မိမိလုပ်အားနှင့် ညီမျှသည့် ငွေကြေးထုတ်ပေးရာ စက်ရုံလည်းဖြစ်ကြောင်းနှင့် ဒေသဖွံ့ဖြိုးမှုကို အထောက်အကူပြုသော စက်ရုံ၏ ရေရှည်ရပ်တည်နိုင်ရေး မိမိပိုင်စက်ရုံကဲ့သို့သဘောထား၍ ဝိုင်းဝန်းထိန်းသိမ်းသွားရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

### အထိမ်းအမှတ်တံဆိပ်ပေးအပ်

ထို့နောက် ဒေသခံပြည်သူတစ်ဦးက စက်ရုံတည်ဆောက်ခြင်းနှင့် ပတ်သက်၍ ဒေသအတွင်း ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိမှုနှင့် ပတ်သက်၍ ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ယင်းနောက် မြန်မာစီးပွားရေး ကော်ပိုရေးရှင်းဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ညီစောက လက်ဖက်အချိုခြောက်နှင့် သစ်သီးအခြောက်ခံစက်ရုံ (နောင်တရား) ဖွင့်ပွဲ အထိမ်းအမှတ်တံဆိပ်အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ထံ ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အဆိုပါလက်ဖက်အချိုခြောက်နှင့် သစ်သီးအခြောက်ခံစက်ရုံ(နောင်တရား) စက်ရုံတည်ဆောက်ပြီး လုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်ခဲ့ကြသော နိုင်ငံခြားသားပညာရှင်များအား ဂုဏ်ပြုသစ်သီးခြင်းပေးအပ်ပြီး အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့သည်။

အဆိုပါ လက်ဖက်အချိုခြောက်နှင့် သစ်သီးအခြောက်ခံစက်ရုံ(နောင်တရား)မှ တစ်ရက် ၈ နာရီတစ်ဆိုင်းဖြင့် ထုတ်လုပ်ပါက လက်ဖက်ကုန်ချော လက်ဖက်အချိုခြောက် ၁၁၃၆ ကီလိုဂရမ် ထုတ်လုပ်နိုင်ပြီး တစ်နှစ်လျှင် စက်လည်ရက် ၂၂၄ ရက်ဖြင့် လက်ဖက်ကုန်ချော လက်ဖက်အချိုခြောက် ကီလိုဂရမ် ၄၈၈၀၀၀(၅၃၈ တန်)ခန့် ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

## ပဲခူးမြို့နယ်၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး အသိပညာပေး ဆွေးနွေး

ပဲခူး မေ ၈

ပဲခူးမြို့နယ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေး အသိပညာပေးဆွေးနွေးပွဲ ကို မေ ၇ ရက် နံနက် ၈ နာရီက ဈေးညောင်ပင်ကျေးရွာနှင့် အောက်စည်တီးအရှေ့ကျေးရွာများ၌ ပြုလုပ်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းအောင်ကျော်က စိုက်ပျိုးရေးဆိုင်ရာ အမှာစကားပြောကြားပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးနှင့် နည်းပညာများကို မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးဇော်လင်းက ပညာပေးဆွေးနွေးသည်။

အသိပညာပေးဆွေးနွေးပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးဇော်လင်းက EM ဘိုကာရှီ သဘာဝမြေဩဇာမြေဆွေး ပြုလုပ်နည်းသရုပ်ပြခြင်းနှင့် နေကြာသီးနှံ၊ ဆီထွက်သီးနှံ၊ မြေပဲနှမ်း စိုက်ပျိုးနည်းများကို အသိပညာပေးဆွေးနွေးရာ ဈေးညောင်ပင်ကျေးရွာနှင့် အောက်စည်တီးကျေးရွာများမှ တက်ရောက်လာသည့် ဒေသခံပြည်သူများက သိရှိလိုသည်များကို ပြန်လည်တင်ပြရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**

# ရှမ်းပြည်နယ် (အရှေ့ပိုင်း) အတွင်း လျှပ်စစ်ဓာတ်အားတိုးမြှင့်ဖြန့်ဖြူးပေးနိုင်ရေး၊ ဓာတ်အားပြတ်တောက်မှု လျှော့နည်းကျဆင်းရေးနှင့် ဓာတ်အားစနစ်တည်ငြိမ်တိုးတက်ကောင်းမွန်စေရေးစည်းဝေး

နေပြည်တော် မေ ၈

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦးသည် ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ပြည်နယ်လျှပ်စစ် အင်ဂျင်နီယာရုံး၌ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ ပြည်နယ်/ ခရိုင်/ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာများ၊ မြို့နယ်လျှပ်စစ်မှူးများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ရှမ်းပြည်နယ် (အရှေ့ပိုင်း)အတွင်း လျှပ်စစ်ဓာတ်အား တိုးမြှင့်ဖြန့်ဖြူးပေးနိုင်ရေး၊ ဓာတ်အားပြတ်တောက်မှု လျှော့နည်းကျဆင်းရေးနှင့် ဓာတ်အားစနစ် တည်ငြိမ်တိုးတက်ကောင်းမွန်စေရေးတို့အတွက် အစည်းအဝေးကျင်းပသည်။** (ယာပုံ)



ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက တိုးတက်သုံးစွဲလာမည့် ဓာတ်အား လိုအပ်ချက်များကို ကြိုတင်တွက်ချက်၍ တိုးမြှင့်ဖြန့်ဖြူးပေးနိုင်ရေး စီမံဆောင်ရွက်ထားရှိရန်လိုအပ်ကြောင်း၊ လက်ရှိအခြေအနေတွင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်ရှိ ရွှေကမ်းလွန် သဘာဝဓာတ်ငွေ့ကို အသုံးပြုပြီး ၁၉၅ မဂ္ဂါဝပ်အထိ တိုးတက်ထုတ်လုပ်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အပြင် ၁၃၅ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံ စီမံကိန်းကိုလည်း ဆောလျင်စွာ ပြီးစီးနိုင်ရေး တွန်းအားပေး ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် ယခုရောက်ရှိနေသော ရှမ်းအရှေ့ဒေသ၌ ရေအားလျှပ်စစ် စီမံကိန်းများ ဆောင်ရွက်နိုင်ရန် သဘာဝအရင်းအမြစ်များစွာရှိသဖြင့် ၎င်းတို့ကိုလည်း သဘာဝပတ်ဝန်းကျင် ထိခိုက်စေမှု အနည်းဆုံးဖြင့် ထုတ်လုပ်နိုင်ရန် စီမံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထိုသို့ စီမံ ဆောင်ရွက်ရာတွင်လည်း ပြည်သူလူထုကို ယခုကဲ့သို့ ဝန်အားထိန်းညှိ လျှော့နည်းမှုများ မဖြစ်စေရေးအတွက် စီမံဆောင်ရွက်ရသည်ကို သိရှိနားလည်စေရန်နှင့် လျှပ်စစ်ဓာတ်အား တိုးတက် သုံးစွဲနိုင်မှသာလျှင် လူမှုဘဝဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်းကို နားလည်စေရန် ရှင်းလင်း ပြောကြားသွားကြရန် လိုအပ်ကြောင်း။

ထို့ပြင် ရှမ်းပြည်နယ်အတွင်း ဓာတ်အားမရရှိသေးသည့် မြို့များနှင့် ကျေးရွာများသို့ လျှပ်စစ်ဓာတ်အား မရောက်မီကာလတွင် တစ်အိမ်သုံး ဆိုလာစနစ်ဖြင့် လျှပ်စစ်ဓာတ်အားပေးနိုင်ရေး စီမံဆောင်ရွက်ရန်နှင့် ဓာတ်အားရောက်ရှိ ဖြန့်ဖြူးပေးနိုင်ရန်ကိုလည်း နည်းလမ်းရှာဖွေခြင်း၊ ကြိုတင်တိုင်းတာတွက်ချက်မှုများ ပြုလုပ်ဆောင်ရွက်ပြီး နှစ်အလိုက်ရန်ပုံငွေလျာထား စီမံဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်သစ်ဆန်းက လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြရာ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးရဲတိုးသွင်က ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန ၂၃၀ ကေဗွီ ကျိုင်းတုံပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိရာ ဓာတ်အားခွဲရုံမှူးက လုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသူရအောင်ဘိုက ဖြည့်စွက် ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက နမ့်စံ ဓာတ်အားခွဲရုံမှ မိတ္ထီလာ (ကံကောင်း) ဓာတ်အားခွဲရုံအထိ ၂၃၀ ကေဗွီ ဓာတ်အားလိုင်း စီမံကိန်း လျာထားဆောင်ရွက်ထားမှုနှင့် ဓာတ်အားစနစ် ကြံ့ခိုင်ရေးအတွက် ပုံမှန်ထိန်းသိမ်း စစ်ဆေး ဆောင်ရွက်ရန်ကိုလည်းကောင်း၊ ဓာတ်အားခွဲရုံ ရေရှည် တည်တံ့ခိုင်မြဲရေးနှင့် ဓာတ်အားပြတ်တောက်မှု လျှော့နည်း ကျဆင်းစေရေးအတွက် ထရန်စဖော်မာများ၊ ဓာတ်အားခွဲရုံသုံးပစ္စည်းများကို စဉ်ဆက်မပြတ် စစ်ဆေးဆောင်ရွက်သွားကြရန် မှာကြားခဲ့၍ ဓာတ်အားခွဲရုံ ထိန်းချုပ်ခန်းအတွင်း ဓာတ်အားဖြန့်ဖြူးပေးနေမှုနှင့် Switch Yard အတွင်း ဓာတ်အားဖြန့်ဖြူးပေးထားမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ၂၃၀ ကေဗွီ ကျိုင်းတုံပင်မဓာတ်အားခွဲရုံသည် ၂၃၀ ကေဗွီ မိုင်းပျဉ်းဓာတ်အားခွဲရုံမှ တစ်ဆင့် ဓာတ်အားလက်ခံ၍ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ ကျိုင်းတုံမြို့နှင့် အခြားမြို့များသို့ ဓာတ်အားစနစ် ကွန်ရက်မှ ဓာတ်အားချိတ်ဆက် ပို့လွှတ်ဖြန့်ဖြူးပေးနိုင်ရန် ရည်ရွယ်၍ ၂၀၁၆ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ်တွင် ဓာတ်အားစတင် လက်ခံပို့လွှတ် ဖြန့်ဖြူးပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အာဆီယံအသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဆိုင်ရာ သတင်းအချက်အလက်မျှဝေရေးနှင့် သင်ကြားရေးဝက်ဘ်ဆိုက်ဖွင့်လှစ်ခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် မေ ၈**




ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဌေးအောင်သည် ယနေ့ နံနက်ပိုင်းတွင် အာဆီယံ- အမေရိကန် စီးပွားရေးကောင်စီ၊ နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ အမေရိကန်အေဂျင်စီနှင့် အာဆီယံတို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ကျင်းပသည့် “အာဆီယံ အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများဆိုင်ရာ သတင်းအချက်အလက် မျှဝေရေးနှင့် သင်ကြားရေးဝက်ဘ်ဆိုက် ASEAN SME Academy 2.0 ဖွင့်လှစ်ခြင်းအခမ်းအနား” သို့ ဝန်ကြီးဌာန နီလာခန်းမ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်သည်။

အခမ်းအနားသို့ ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက အွန်လိုင်းမှ ပါဝင်တက်ရောက်ကြသည်။

အခမ်းအနားကို အာဆီယံဒေသတွင်းရှိ SME လုပ်ငန်းများ ပိုမို ပူးပေါင်းဆောင်ရွက်ရန်အတွက် အခွင့်အလမ်းတစ်ခုအဖြစ် ဖန်တီးပေးနိုင်ရန်နှင့် အာဆီယံ အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး ကော်မတီ၏ အစီအစဉ်တစ်ရပ်အဖြစ် ၂၀၁၆ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည့် ASEAN SME Academy Website ကို အဆင့်မြှင့်တင်ထားရှိမှုကို မိတ်ဆက်ရန် ရည်ရွယ်၍ “ASEAN SME Academy 2.0 – အာဆီယံ နိုင်ငံများအတွင်း အသေးစား၊ အလတ်စားလုပ်ငန်းများ၏ ခုခံနိုင်စွမ်းတည်ဆောက်ခြင်း” ခေါင်းစဉ်ဖြင့် ကျင်းပခြင်းဖြစ်သည်။

အခမ်းအနားတွင် အာဆီယံ အထွေထွေ အတွင်းရေးမှူးချုပ် H.E. Mr. Dato Lim Jock Hoi၊ အာဆီယံ အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး ကော်မတီဥက္ကဋ္ဌ၊ အာဆီယံစီးပွားရေး အကြံပေးကောင်စီ၊ အာဆီယံဆိုင်ရာ အမေရိကန်မစ်ရှင်၊ အာဆီယံ-အမေရိကန် စီးပွားရေးကောင်စီမှ တာဝန်ရှိသူများက အဖွင့်အမှာစကားပြောကြားခဲ့ပြီး သတင်းအချက်အလက် မျှဝေရေးနှင့် သင်ကြားရေးဝက်ဘ်ဆိုက်ဖြစ်သော ASEAN SME Academy 2.0 ကို စတင်ဖွင့်လှစ်သည်။

ASEAN SME Academy သည် ဘဏ္ဍာရေး၊ စီမံခန့်ခွဲမှု၊ ဈေးကွက်မြှင့်တင်ရေး၊ နည်းပညာ၊ ကုန်သွယ်မှု စသည့်ဘာသာရပ်များကို သင်ကြားပို့ချလျက်ရှိပြီး အဆိုပါ Website ကို အသုံးပြုခြင်းအားဖြင့် အာဆီယံ SME လုပ်ငန်းများအနေဖြင့် Digital Platform ကို အသုံးပြု၍ စွမ်းဆောင်ရည်နှင့် ယှဉ်ပြိုင်နိုင်စွမ်း မြှင့်တင်နိုင်သည့် အခွင့်အလမ်းများ၊ ကိုဗစ်-၁၉ အလွန် စီးပွားရေး ပြန်လည်ထူထောင်ရာတွင် ASEAN SME လုပ်ငန်းများအနေဖြင့် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်နေမှု၊ ဗီဇာ၊ အမေဇုန် ဝက်ဘ်ဆိုက်ဝန်ဆောင်မှုလုပ်ငန်းများမှ ကျွမ်းကျင်ပညာရှင်များက အာဆီယံ SME စီးပွားရေးလုပ်ငန်းကဏ္ဍများ၏ လုပ်ငန်းကျွမ်းကျင်မှုမြှင့်တင်ရေး ပူးပေါင်းဆောင်ရွက်မှုကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ခရီးသွားလုပ်ငန်းကဏ္ဍ၏ နောက်ဆက်တွဲလုပ်ငန်းစဉ်အနေဖြင့် ASEAN SME Academy 2.0 အား မြန်မာနိုင်ငံ ပုဂ္ဂလိကခရီးသွားကဏ္ဍမှ ပါဝင်အသုံးပြု၍ အကျိုးကျေးဇူးများ ရရှိစေရေးအတွက် ကျယ်ကျယ်ပြန့်ပြန့် မြှင့်တင်ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။ အဆိုပါ ဝက်ဘ်ဆိုက်သည် ဖိလစ်ပိုင်နိုင်ငံ ကုန်သွယ်ရေးသင်တန်းဌာန၊ ကုန်သွယ်ရေးနှင့် စက်မှုလုပ်ငန်းဌာနနှင့် အာဆီယံ- အမေရိကန် စီးပွားရေးကောင်စီတို့မှ ပူးပေါင်းစီစဉ်သည့် အခမဲ့သင်ယူနိုင်မည့် ဝက်ဘ်ဆိုက်တစ်ခုဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်၊ ပုဂံ၊ မန္တလေး၊ ဟဲဟိုး၊ ကျိုင်းတုံ၊ ထားဝယ်၊ စစ်တွေနှင့် ပုသိမ်တို့ရှိ သတင်းပြန်ကြားရေးကောင်တာများ၏ ပြင်ဆင်ဆောင်ရွက်ထားရှိမှုကို အွန်လိုင်းမှ ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှု စစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတကာ လေကြောင်းလိုင်းများ စတင်ဖွင့်လှစ်တော့မည် ဖြစ်သည့်အတွက် မြန်မာနိုင်ငံသို့ ဝင်ရောက်လာသော ပြည်တွင်းပြည်ပ ခရီးသွား ဧည့်သည်များကို ပြည့်စုံကောင်းမွန်သော ဝန်ဆောင်မှုပေးနိုင်ရန် တိုင်းဒေသကြီး/ပြည်နယ်များမှ နယ်ရုံးခွဲတာဝန်ခံများအနေဖြင့် ခရီးစဉ်ဒေသများ၌ အထူးအလေးထား ဂရုပြုဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ လေဆိပ်များနှင့် ခရီးသွားဆွဲဆောင်ရာနေရာများရှိ သတင်းပြန်ကြားရေး ကောင်တာများ၌ နိုင်ငံတကာ ခရီးသွားများအတွက်သာမက ပြည်တွင်းခရီးသွားများအတွက် ဝန်ဆောင်မှုပေးနိုင်ရန် ပြင်ဆင်ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ခရီးသွားဧည့်သည်များ အများဆုံး လာရောက်လည်ပတ်ကြသည့် ခရီးစဉ်ဒေသများဖြစ်သော ရန်ကုန်၊ ပုဂံ၊ မန္တလေး၊ ဟဲဟိုး အစရှိသော ခရီးစဉ်ဒေသများရှိ သတင်းပြန်ကြားရေး ကောင်တာများအနေဖြင့် လာရောက်မေးမြန်းမည့် ခရီးသည်များကို အကောင်းဆုံးဝန်ဆောင်မှုပေးနိုင်ရန် လိုအပ်သည်များကို ကြိုတင် စီစဉ်ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ခရီးသွား မြှင့်တင်ရေးဆိုင်ရာ စာအုပ်၊ စာစောင်များ၊ QR Code များ၊ Digital Signage များမှ ခရီးသွား သတင်း အချက်အလက်များ အမှန်တကယ် ရရှိနိုင်ရေးအတွက် အစဉ်အမြဲ Update ဖြစ်နေစေရေးနှင့် လိုအပ်သော သတင်းအချက်အလက်များ လွှင့်တင်ထားရေး ဆောင်ရွက်ထားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးကို လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်သည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး ဗီနေးကူးမား ဦးဆောင်သော အဖွဲ့ကို ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် နှစ်နိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာနများ အကြား စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စ၊ ရဲတပ်ဖွဲ့များအကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စ၊ နယ်နိမိတ် မှတ်တိုင်များဆိုင်ရာကိစ္စ၊ မူးယစ်ဆေးဝါး ပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာကိစ္စ၊ နိုင်ငံဖြတ်ကျော်မှုခင်းတိုက်ဖျက်ရေးဆိုင်ရာကိစ္စ၊ သင်တန်းဆိုင်ရာကိစ္စရပ်များနှင့် နှစ်နိုင်ငံအကြား ဆက်လက် ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**





# ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးကို လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် အိန္ဒိယနိုင်ငံသံအမတ်ကြီး မစ္စတာ ဗီနေးကူးမားကို ယနေ့ မွန်းလွဲ ၂ နာရီက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၅)၌ လက်ခံတွေ့ဆုံသည်။ **(အောက်ပုံ)**

တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ကုလားတန်မြစ်ကြောင်း ဘက်စုံသုံး ဖြတ်သန်းသယ်ယူပို့ဆောင်ရေး စီမံကိန်း အကောင်အထည်ဖော်ရေး၊ ရထားလမ်းကွန်ရက် အဆင့်မြှင့်တင်ရေး၊ ကုန်းလမ်းဖြင့် နယ်စပ်ဖြတ်ကျော် ခရီးသည်ပို့ဆောင်ရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆက်သွယ်ရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးကို လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၈**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး မစ္စတာ ဗီနေးကူးမားကို ယနေ့နံနက်ပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနရှိ ပြည်ထောင်စုဝန်ကြီး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(အပေါ်ပုံ)**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက သံအမတ်ကြီးအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော အိန္ဒိယနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးထားခြင်း ခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားပြီး နှစ်နိုင်ငံအကြား စီးပွားဆက်သွယ်ရေးနှင့် စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်ရန် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အပြန်အလှန် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်နိုင်ရေး နိုင်-၄ မှတ်တမ်းများ စာရင်းရေးသွင်းခြင်းဆိုင်ရာနှင့်စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် မေ ၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်နိုင်ရေး နိုင်-၄ မှတ်တမ်းများ စာရင်းရေးသွင်းခြင်းဆိုင်ရာနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်က အိမ်ထောင်စု လူဦးရေစာရင်းပုံစံ(၆၆/၆) နှင့် လူတစ်ဦးချင်းထုတ်ပေးသည့် နိုင်ငံသားစိစစ်ရေးကတ် မှတ်တမ်းတင်စာရင်းပုံစံ နိုင်-၄ ကို အသုံးပြု၍ အပြန်အလှန်စစ်ဆေးနိုင်ရေးကို IT နည်းပညာဖြင့် ပြုလုပ်မည်ဖြစ်ကြောင်း၊ နေပြည်တော်အတွင်းရှိ မြို့နယ် ရှစ်မြို့နယ်၌ ဆောင်ရွက်မည့် နိုင်-၄ မှတ်တမ်းများ စာရင်းရေးသွင်းခြင်း အချိန်မီပြီးစီးရေးနှင့် မှန်ကန် မြန်ဆန်စေရေးအတွက် သက်ဆိုင်ရာဌာန ဆိုင်ရာများက ပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းက နိုင်ငံသားစိစစ်ရေးကတ် ပြုလုပ်နိုင်ရေး နိုင်-၄ မှတ်တမ်းများ စာရင်းရေးသွင်းခြင်းဆိုင်ရာနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက်အစည်းအဝေးသို့ တက်ရောက် လာကြသူများက နိုင်ငံသားစိစစ်ရေးကတ် ပြုလုပ်နိုင်ရေး နိုင်-၄ မှတ်တမ်းများ စာရင်းရေးသွင်းခြင်း လုပ်ငန်းများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး မင်းနောင်က ဖြည့်စွက်ဆွေးနွေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက တင်ပြဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် စစ်ကိုင်းတိုင်းဒေသကြီး ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးတက္ကသိုလ်နှင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(စစ်ကိုင်း)တို့ကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၈**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်သည် စစ်ကိုင်းတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင်စိုးနှင့်အတူ ယမန်နေ့ နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ရွာသစ်ကြီးကျေးရွာရှိ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်သို့ ရောက်ရှိခဲ့ပြီး ဖွံ့ဖြိုးရေးတက္ကသိုလ်၌ ၂၀၁၉–၂၀၂၀ ပညာသင်နှစ် ပညာရေးဘွဲ့ ငါးနှစ်သင်တန်း၊ အမှတ်စဉ်(၅) စတုတ္ထနှစ် (ဒုတိယနှစ်ဝက်) သင်တန်းတက်ရောက်နေသည့် သင်တန်းသား သင်တန်းသူများ၏ ကိုဗစ်–၁၉ စည်းကမ်းချက်များနှင့်အညီ စာမေးပွဲဖြေဆိုနေမှုကို ကြည့်ရှုအားပေးသည်။ **(ယာပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တက္ကသိုလ် အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်၊ ဒုတိယ ပါမောက္ခချုပ်များ၊ ပါမောက္ခ/ဌာနမှူးများနှင့်တွေ့ဆုံ၍ ပါမောက္ခချုပ်က သင်တန်းကျောင်းဆိုင်ရာ အချက်အလက်များ၊ လေ့ကျင့်သင်ကြားရေးဆိုင်ရာ အခြေအနေများနှင့် သက်သာချောင်ချိရေးအတွက် ဆောင်ရွက်ထားရှိသည့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြရာ လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ပါမောက္ခချုပ်၊ ဒုတိယ ပါမောက္ခချုပ်များ၊ ပါမောက္ခ/ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့်တွေ့ဆုံစဉ် နောက်လာမည့် ပညာသင်ကြားရေးကာလများ၌ ပညာရပ်များကိုကြိုးစားသင်ယူရေး၊ နိုင်ငံ့သမိုင်းကြောင်းနှင့် ပထဝီဝင်အနေအထား၊ လက်ရှိဖြစ်ပေါ်နေသော အခြေအနေတို့ကို မှန်ကန်စွာ သိရှိနားလည်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် ၅ ရပ်၊ ဦးတည်ချက် ၉ ရပ်တို့ အောင်မြင်ရေးအတွက် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တက်ကြွစွာ ပူးပေါင်းပါဝင်ရေး၊ နိုင်ငံ့ဝန်ထမ်းကောင်းများပီသစွာ တာဝန်ထမ်းဆောင်ရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကိုအခြေခံ၍ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျရာတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ရေး၊ ကျောင်းသား ကျောင်းသူများအား စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာများ၊ ကျန်းမာကြံ့ခိုင်ရေး၊ အတွေးအခေါ်၊ အသိပညာ၊ ဆင်ခြင်တုံတရားများ ပြည့်စုံ၍ မည်သည့်ကိစ္စမဆို မှန်ကန်စွာ စဉ်းစားဆုံးဖြတ်တတ်အောင် လေ့ကျင့်ပျိုးထောင်ပေးရေး၊ ကျောင်းသား ကျောင်းသူများအနေဖြင့် ကျောင်းပိတ်ရက်ကာလ မိဘရပ်ထံသို့ ခေတ္တပြန်လည်နေထိုင်ရာ၌လည်း မိမိကိုယ်ကို ထိန်းသိမ်း၍ ပျော်ရွှင်စွာနေထိုင်ပြီး ကျောင်းများပြန်လည်ဖွင့်လှစ်ချိန်တွင် အချိန်မီရောက်ရှိအောင် လာရောက်ကြရေး၊ ဆရာ ဆရာမများအနေဖြင့်လည်း ကျောင်းများပိတ်ထားသည့် ကာလအတွင်း နောင်ဖွင့်လှစ်မည့်သင်တန်းများအတွက် ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်ထားကြရန် မှာကြားသည်။



ထို့နောက် ကျောင်းဝင်းအတွင်းရှိ အားကစားကွင်း အဆင့်မြင့်တင်ဆောင်ရွက်မည့် အခြေအနေ၊ အိပ်ဆောင်၊ စားရိပ်သာ၊ စိုက်ပျိုးရေးဆောင်ရွက်ထားရှိမှု၊ အသားစားကြက်၊ ဥစားကြက်ခြံများနှင့် ငါးမွေးမြူရေးကန်များအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် ယနေ့ နံနက်ပိုင်းတွင် အုန်းတောကျေးရွာရှိ ပြည်ထောင်စုတိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (စစ်ကိုင်း)သို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီး၊ ပါမောက္ခ/ဌာနမှူးများနှင့် တွေ့ဆုံ၍ ကျောင်းအုပ်ကြီးက သင်တန်းကျောင်းဆိုင်ရာ အချက်အလက်များ၊ လေ့ကျင့်သင်ကြားရေးဆိုင်ရာ အခြေအနေများနှင့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ အချက်အလက်များကို လည်းကောင်း၊ ဒုတိယ ကျောင်းအုပ်ကြီးနှင့် ပါမောက္ခ/ ဌာနမှူးများက သက်ဆိုင်ရာ ဘာသာရပ်များအလိုက် လည်းကောင်း ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဒီဂရီကောလိပ်(စစ်ကိုင်း)၌ ၂၀၂၂–၂၀၂၃ ပညာသင်နှစ် သင်တန်းများကို ကိုဗစ်–၁၉ စည်းကမ်းချက်များနှင့်အညီ ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်ထားရှိသည့် အိပ်ဆောင်၊ စာသင်ဆောင်၊ စားရိပ်သာနှင့် အားကစားကွင်း တိုးချဲ့ပြင်ဆင်ဆောင်ရွက်မှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံသို့ အာဆီယံ AHA Centre မှတစ်ဆင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးအပ်မည့်ကိစ္စ မြန်မာလုပ်ငန်းအဖွဲ့၏ ဆဋ္ဌမအကြိမ် အစည်းအဝေးကျင်းပ



**နေပြည်တော် မေ ၈**

မြန်မာနိုင်ငံသို့အာဆီယံလူသားချင်း စာနာထောက်ထားမှု အကူအညီပေးအပ်ရေး ညှိနှိုင်းမှုဗဟိုဌာန (ASEAN Coordinating Centre for Humanitarian Assistance on Disaster Management– AHA Centre) မှတစ်ဆင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီပေးအပ်မည့်ကိစ္စ မြန်မာလုပ်ငန်းအဖွဲ့၏ ဆဋ္ဌမအကြိမ် အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ရေဝတီခန်းမ၌ ကျင်းပသည်။

အစည်းအဝေးကို လုပ်ငန်းအဖွဲ့၏ ဥက္ကဋ္ဌ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ဦးဆောင်၍ ကျင်းပခဲ့ပြီး လုပ်ငန်းအဖွဲ့၏ ဒုတိယဥက္ကဋ္ဌများ၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ လုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က ဦးဆောင်၍ အာဆီယံ၏ လူသားချင်းစာနာထောက်ထားမှုအကူအညီ ဒုတိယအဆင့်ပေးအပ်ရေးဆိုင်ရာ Con–sultative Meeting ကျင်းပမည့်ကိစ္စနှင့် ဒုတိယအဆင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများ ဖြန့်ဝေရာတွင် အမှန်တကယ်လိုအပ်နေသည့် ပြည်သူများထံသို့ အဆင်ပြေချောမွေ့စွာ ဖြန့်ဖြူးပေးဝေနိုင်ရေး ကိစ္စများအတွက် လိုအပ်သည်များ ညှိနှိုင်းဆွေးနွေးကြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် လုပ်ငန်းအဖွဲ့၏ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့ဝင်များက အာဆီယံ၏ လူသားချင်းစာနာထောက်ထားမှုအကူအညီ ဒုတိယအဆင့် လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ အကောင်အထည်ဖော်နိုင်ရေး ပြင်ဆင်ဆောင်ရွက်မှုများအပေါ် အမြင်ချင်းဖလှယ် အကြံပြုဆွေးနွေးကြသည်။ **သတင်းစဉ်**

## စိတ်သစ် လူသစ် သည်နှစ်သစ်

❄ ကျက်သရေ ခက်ဝေလွှမ်း  
တက်နေလျှမ်း လင်းအရုဏ်၊  
ဆင်းသိင်္ဂီ ဝါရွှေခင်းလို့  
ပိတောက်ပျို လေပြည်ညင်းတော့  
သင်းပျံ့ပျံ့ထုံ၊  
မြန်မာ့ပန်း မြန်မာ့ဂုဏ်  
ပြည့်စုံတဲ့ သင်္ကေတ၊  
မြန်မာမှန် မြန်မာစစ်သမို့  
ကောင်းအမွေ ဆက်ခံချစ်  
နှစ်သက်ပါကြ။

❄ နံ့သာရေ မွှေးမြမြ  
ဆွတ်ဖျန်းကြ သိမ်မွေ့ယဉ်၊  
ဟောင်းညစ်တာ မကျန်ရစ်အောင်  
ပြောင်းလှစ်ကာ တစ်ဖန်သစ်ဖို့  
ဖြစ်ကြစေချင်၊  
မြန်မာမှု အရိုးအစဉ်  
တစ်မျိုးလျှင် ချစ်ဖို့ကောင်း၊  
မြန်မာ့ဟန် မြန်မာ့စိတ်  
ပြည့်သိပ်လှကြောင်း။

❄ မုန့်အမယ် စုံပေတောင်း  
သဒ္ဓါလောင်း ကျွေးမွေးသည်၊  
"စတုဒိသာ" ခေါ်တွင်သ–တဲ့  
လေးမျက်နှာ လမ်းဆုံခွမှာ  
တွေ့ရတူညီ၊  
သန့်စင်ဖို့ မေတ္တာရည်  
ခေါင်းလျှော်မည် ဘိုးဘွားများ၊  
ခြေသည်းလက်သည်း ညှပ်ပေးမည်  
အဟောင်းပယ်သည် မြတ်စိတ်ထား၊  
နှစ်သစ်ခါ ရင်မှာအေးတဲ့  
ဆေးပန်းချီကား။

❄ သည်ချိန်ခါ ပြည်တစ်လွှား  
ရေကစား ပျော်ကြမည်၊  
အဟောင်းအညစ်တွေ ကင်းစေကြောင်း  
ကောင်းစိတ်ရွယ်ရည်၊  
ကပ်ဆိုးတွေ ပျောက်စေကြောင်း  
ကောင်းနိမိတ်တည်၊  
ငြိမ်းချမ်းလို့ ဝပြောစည်  
တို့မြန်ပြည် မြင့်စေရေး၊  
စိတ်သစ် လူသစ်နဲ့  
နှစ်သစ်မှာ အားသွန်ခဲ  
နွဲကြစို့လေး . . .။ ။

**မောင်စိမ်းနောင်(လယ်ဝေး)**

# မြန်မာနှစ်သစ်ကူးသင်္ကြန်အကြို စတုဒိသာ ကျွေးမွေးပွဲနှင့် ပျော်ပွဲရွှင်ပွဲကျင်းပ



**နေပြည်တော် ဧပြီ ၈**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ မြန်မာနှစ်သစ်ကူး သင်္ကြန်အကြိုစတုဒိသာ ကျွေးမွေးပွဲနှင့် ပျော်ပွဲရွှင်ပွဲကို ယနေ့တွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၌ ကျင်းပသည်။

နှစ်သစ်ကူးအကြိုပျော်ပွဲရွှင်ပွဲသို့ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်အတူ ဝန်ထမ်းများက တည်ခင်းဧည့်ခံသော မြန်မာ့ရိုးရာ စတုဒိသာမုန့်များကို သုံးဆောင်ကြပြီး(ယာပုံ) ပျော်ရွှင်စွာ ရေပက်ကစားကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် Virtual အစီအစဉ်ဖြင့်ကျင်းပသည့် (၂၆) ကြိမ်မြောက် အာဆီယံ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်

**နေပြည်တော် ဧပြီ ၈**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်သည် ယနေ့နံနက် ၇ နာရီခွဲတွင် ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် Virtual စနစ်ဖြင့် ကျင်းပသည့် (၂၆) ကြိမ်မြောက် အာဆီယံ ဘဏ္ဍာရေးဝန်ကြီးများအစည်းအဝေး၊ (၈) ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ နေပြည်တော်ရှိ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ ပါဝင်တက်ရောက်သည်။(ယာပုံ)





ဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးတွင် အာဆီယံနိုင်ငံများအနေဖြင့် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါအလွန်ကာလတွင် ရေရှည်ခံနိုင်ရည်ရှိပြီး စဉ်ဆက်မပြတ် တိုးတက်မှုရရှိစေနိုင်သော အားလုံးပါဝင်ဆောင်ရွက်သွားရမည့် နည်းလမ်းများအား ရှာဖွေဖော်ထုတ်နိုင်ရေး၊ ကမ္ဘာလုံးဆိုင်ရာ မသေချာမှုများရှိနေသော်လည်း အာဆီယံအသိုက်အဝန်းအား ညီညွတ်သော၊ ခိုင်မာသော၊ အားလုံးပါဝင်မှုရှိသော ရပ်ဝန်းတစ်ခုအဖြစ် ဖော်ဆောင်နိုင်ရေးတို့အတွက် အာဆီယံဘဏ္ဍာရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

အာဆီယံဘဏ္ဍာရေး ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များတွင် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးအတွက် ဘဏ္ဍာငွေရရှိနိုင်ရေး၊ အာမခံလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး၊ အာဆီယံ သဘာဝဘေး စီမံခန့်ခွဲမှုအတွက် ဘဏ္ဍာငွေရရှိနိုင်ရေး၊ အာဆီယံ အကောက်ခွန်နှင့် အခွန်ဌာနများအကြား ပူးပေါင်းဆောင်ရွက်ရေး၊ အာဆီယံဒေသတွင်း ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှု တိုက်ဖျက်ရေးအတွက် ငွေကြေးပံ့ပိုးနေမှုများကို ပူးပေါင်းတိုက်ဖျက်ရေး စသည်တို့ ပါဝင်သည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ ကပ်ရောဂါ၏ သက်ရောက်မှုကို တုံ့ပြန်ဆောင်ရွက်ရာတွင် တစ်နိုင်ငံချင်းအလိုက် သော်လည်းကောင်း၊ အာဆီယံဒေသအလိုက် သော်လည်းကောင်း တုံ့ပြန်ဆောင်ရွက်ကြသကဲ့သို့ မိတ်ဖက်အဖွဲ့အစည်းများဖြစ်ကြသည့် နိုင်ငံတကာ ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် ပူးပေါင်း၍လည်း တုံ့ပြန်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အာဆီယံဒေသတွင်း ဘဏ္ဍာရေးကဏ္ဍပူးပေါင်းဆောင်ရွက်မှု၊ ဘဏ္ဍာရေးဝန်ဆောင်မှုဆိုင်ရာ ဖြေလျှော့ပေးမှုများနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုများတွင် သိသာသည့် တိုးတက်မှုများ ရှိပါကြောင်း၊ ASEAN Framework Agreement on Service နှင့် စပ်လျဉ်း၍ ဘဏ္ဍာရေးဝန်ဆောင်မှုများ ဖြေလျှော့ပေးရေးဆိုင်ရာ နဝမအကျော့ ကတိကဝတ်များ အတည်ပြုသတ်မှတ်နိုင်ရေးလုပ်ငန်းစဉ်တွင် မြန်မာနိုင်ငံမှလည်း ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာအစိုးရအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါ၏သက်ရောက်မှုကြောင့် ထိခိုက်မှုများကို ကုစားနိုင်ရန် မူဝါဒအစီအမံများချမှတ်၍ တုံ့ပြန်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုနှစ်တွင် နိုင်ငံစီးပွားရေး ပြန်လည်ဦးမော့လာစေရန် ဆောင်ရွက်သွားမည်ဖြစ်ပြီး နိုင်ငံတွင်း ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်မှုနှုန်း ကျဆင်းလာမှု၊ ကာကွယ်ဆေးထိုးနှံမှုနှုန်း မြင့်တက်လာမှု၊ ယခင်ကထက် ပိုမိုတည်ငြိမ်လာမှု၊ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများ တိုးမြင့်လာမှုတို့ကြောင့် ယခုဘဏ္ဍာရေးနှစ်တွင် သင့်တင့်သော စီးပွားရေးတိုးတက်မှုနှုန်းရရှိလာမည်ဟု မျှော်လင့်ကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါ၏ စိန်ခေါ်မှုများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်ကြရာတွင် ထိရောက်သည့် ပြည်သူ့ကျန်းမာရေးဆောင်ရွက်ချက်များအတွက် လုံလောက်သည့် ဘဏ္ဍာရေးပံ့ပိုးမှုများအပါအဝင် စီးပွားရေးပြန်လည်ထူထောင်ရေးဆိုင်ရာအစီအစဉ်များ အကောင်အထည်ဖော်ရေးအတွက် အာဆီယံ၏မိတ်ဖက် အဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေရေးကြေးရေး အဖွဲ့အစည်းများနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေးသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများအားလုံးအတွက် အရေးကြီးသည့် အခန်းကဏ္ဍဖြစ်ကြောင်း၊ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါ၏ သက်ရောက်မှုများကို အာဆီယံ၏ စုပေါင်းအားဖြင့် ကျော်လွှားနိုင်မည်ဟု ယုံကြည်ပါကြောင်းနှင့် အနာဂတ်မျိုးဆက်သစ်များအတွက် ပိုမိုကောင်းမွန်သည့် အခြေအနေကောင်းများ ဖန်တီးပေးနိုင်ရေးကို ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ဆွေးနွေးသည်။

အဆိုပါအစည်းအဝေးနှင့်အတူ ဆက်စပ်အစည်းအဝေးများအဖြစ် အာဆီယံဘဏ္ဍာရေးနှင့် ဗဟိုဘဏ်အကြီးအကဲများနှင့် နိုင်ငံတကာငွေရေးကြေးရေး အဖွဲ့အစည်းများဖြစ်ကြသည့် ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ အာရှအခြေခံ အဆောက်အအုံနှင့် ရင်းနှီးမြှုပ်နှံမှုဘဏ်၊ အာဆီယံ+၃ မက်ခရိုစီးပွားရေး သုတေသနရုံးတို့နှင့် အစည်းအဝေး၊ ASEAN Business Advisory Council နှင့် US-ASEAN Business Council, EU-ASEAN Business Council တို့နှင့် အစည်းအဝေးများကိုလည်း ကျင်းပသည်။

ဆက်စပ်အစည်းအဝေးများတွင် ကမ္ဘာလုံးဆိုင်ရာနှင့် ဒေသဆိုင်ရာစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများ၊ အခွင့်အလမ်းများနှင့် ဆုံးရှုံးနိုင်ခြေရှိမှုများ၊ ပြန်လည်ထူထောင်ရေး အစီအစဉ်များ ရေးဆွဲချမှတ်အကောင်အထည်ဖော်ရာတွင် ဒေသတွင်း လူ့စွမ်းအားနှင့်အရင်းအမြစ်များအား ထိရောက်စွာ ခွဲဝေအသုံးချရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်ရှည်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် မဟာမိတ်အဖွဲ့အစည်းများ၊ ဒေသတွင်းနှင့် နိုင်ငံတကာငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများကို အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

အစည်းအဝေးသို့ အာဆီယံနိုင်ငံများမှ ဘဏ္ဍာရေးဝန်ကြီးများ၊ ဗဟိုဘဏ်ဥက္ကဋ္ဌများနှင့် အာဆီယံအတွင်းရေးမှူးချုပ်၊ နိုင်ငံတကာငွေရေးကြေးရေး အဖွဲ့အစည်းများမှ ဥက္ကဋ္ဌများနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီးသည် ဧပြီ ၇ ရက် နံနက်ပိုင်းက အိမ်ရှင်ကမ္ဘောဒီးယားနိုင်ငံ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက စီစဉ်ကျင်းပသော ကိုဗစ်-၁၉ ကပ်ရောဂါအလွန် စီးပွားရေး ပြန်လည်ထူထောင်မှုအတွက် ဘဏ္ဍာရေးအရင်းအမြစ်များ ခွဲဝေသုံးစွဲရေးကို ဦးတည်ဆောင်ရွက်မည့် စဉ်ဆက်မပြတ် ဘဏ္ဍာရေးတောင့်တင်းခိုင်မာမှုဆိုင်ရာ Showcase Event သို့လည်း အခြား အာဆီယံနိုင်ငံများမှ ဘဏ္ဍာရေးဝန်ကြီးများနှင့်အတူ ပါဝင်တက်ရောက်ခဲ့သည်။

ယင်းအစီအစဉ်တွင် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကြောင့် ထိခိုက်ခံခဲ့ရသည့် အာဆီယံဒေသ စီးပွားရေးပြန်လည်ဦးမော့လာစေရေးနှင့် ကုန်သွယ်မှုပြန်လည်တိုးမြှင့်နိုင်ရေးအတွက် ပိုမိုဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည့် ဘဏ္ဍာရေးအရင်းအမြစ်များ ရှာဖွေဖော်ထုတ်အသုံးချနိုင်ရေးနည်းလမ်းများကို ဘဏ္ဍာရေးဝန်ကြီးနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများက အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

လာမည့် ၂၀၂၃ ခုနှစ်တွင်ကျင်းပမည့် (၂၇) ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို အိမ်ရှင်အဖြစ် အလှည့်ကျသည့် အင်ဒိုနီးရှားနိုင်ငံက လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူဆောင်ရွက်သည့် ကမ္ဘောဒီးယားနိုင်ငံက အာဆီယံအစည်းအဝေးများကို "ASEAN A.C.T.: Addressing Challenges Together" ဆောင်ပုဒ်ဖြင့် ကျင်းပလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ဒေသတွင်းစိုက်ပျိုး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဧပြီ ၈**

ဒေသတွင်းစားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ထိန်ဝင်း နှင့် တာဝန်ရှိသူများသည် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ရှိ နယ်မြေခံတပ်ရင်း/တပ်ဖွဲ့များတွင် မွေးမြူထားရှိသော DYL ဝက်မွေးမြူရေးခြံ၊ ဘဲမွေးမြူရေးခြံနှင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*○ ကျောဖုံးမှ*

အာဆင်နယ်က ပြီးခဲ့တဲ့ပွဲမှာ ပဲလေ့စ်ကို ဂိုးပြတ်ရှုံးနိမ့်ထားပြီး ဘရိုက်တန်က နောက်ဆုံးငါးပွဲမှာ တစ်ပွဲသရေနဲ့ လေးပွဲအထိ ရှုံးနိမ့်ထားပါတယ်။ နှစ်သင်းစလုံး နိုင်ပွဲရရှိရေး အာရုံစိုက်လာမှာဖြစ်တာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်လာမှာဖြစ်ပါတယ်။ အာဆင်နယ်က ချန်ပီယံလိဂ်ဝင်ခွင့်အတွက် အမှားခံလို့ မရတာကြောင့် အသင်းကို အကောင်းဆုံးပြင်ဆင်လာမှာဖြစ်ပါတယ်။ ဘရိုက်တန်ထက် အာတီတာရဲ့ အာဆင်နယ်အသင်းရလဒ် ကောင်းရရှိမယ်လို့ ခန့်မှန်းရပါတယ်။

ဗီလာက နောက်ဆုံးသုံးပွဲဆက်ရှုံးနိမ့်ထားပြီး စပါးက နောက်ဆုံးသုံးပွဲဆက် နိုင်ပွဲရရှိထားပါတယ်။ အဆင့် (၄) မှာ ဆက်လက်ရပ်တည်ဖို့ ခြေကုန်ထုတ်လာမယ့် စပါးကို ဂျရတ်ရဲ့ ဗီလာအသင်း ဟန့်တားဖို့ ခက်ခဲပါလိမ့်မယ်။

ရှုံးပွဲဆက်နေမှုကို ရပ်တန့်ဖို့ နိုင်ပွဲရရှိရေးဦးတည်လာမယ့် ဗီလာအသင်းထက် ချန်ပီယံလိဂ်ဝင်ခွင့်အတွက် အမှားခံလို့မရတဲ့ စပါးအသင်း ရမှတ်အပြည့်ရရှိနိုင်ပါတယ်။

**အောင်ဇော်**

# လူငယ်ရေးရာဦးစီးဌာန ဆိုင်းဘုတ်တင်ပွဲ/ ရုံးခန်းဖွင့်ပွဲနှင့် အလေးမအားကစားနည်းပြိုင်ပွဲအသွင်ဆန်းစစ်ပြိုင်ပွဲကျင်းပ

**နေပြည်တော် ဧပြီ ၈**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန လူငယ်ရေးရာဦးစီးဌာန ဆိုင်းဘုတ်တင်ပွဲနှင့် ရုံးခန်းဖွင့်ပွဲ မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၈ နာရီ ၄၅ မိနစ်တွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း လူငယ်ရေးရာဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားသို့ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဌာနခွဲများမှ ညွှန်ကြားရေးမှူးများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက လူငယ်ရေးရာဦးစီးဌာန ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ပြည်ထောင်စုဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ လူငယ်ရေးရာဦးစီးဌာန ဆိုင်းဘုတ်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။ **(အပေါ်ယာပုံ)**




ယင်းနောက် ပြည်ထောင်စုဝန်ကြီးက လူငယ်များ၏ စွမ်းဆောင်ရည်၊ ကိုယ်ကျင့်တရား၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ တာဝန်ယူမှု/တာဝန်ခံမှုများနှင့် လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံ့သားကောင်းလူငယ်များဖြစ်လာစေရေး စနစ်တကျ ပြုစုပြိုးထောင်ပေးရမည်ဖြစ်ကြောင်း၊ လူငယ်များအကြား အသိပညာနှင့် ကိုယ်ကျင့်တရားများ တိုးတက်မြင့်မားလာပြီး ပြည်ထောင်စုစိတ်ဓာတ် အပြည့်ဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် တက်တက်ကြွကြွ ပူးပေါင်းပါဝင်လာနိုင်စေရေးအတွက် လူငယ်ရေးရာဦးစီးဌာနတွင် အဓိကတာဝန်ရှိသည့်အတွက် ဝန်ထမ်းများအားလုံး စည်းလုံးညီညွတ်စွာဖြင့် မိသားစုအသွင် ပွင့်ပွင့်လင်းလင်း ရင်းရင်းနှီးနှီး အပြန်အလှန်ဆက်ဆံပြီး ကြိုးကြိုးစားစားဖြင့် ကြိုးပမ်းကာ စဉ်ဆက်မပြတ် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြပါရန် မှာကြားသည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် လူငယ်ရေးရာဦးစီးဌာနမှ ဌာနခွဲများဖြစ်သော စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေးဌာနခွဲ၊ မသန်စွမ်းလူငယ်ရေးရာဌာနခွဲ၊ သတင်းပြန်ကြားရေးနှင့် နိုင်ငံတကာဆက်ဆံရေးဌာနခွဲ၊ လူ့စွမ်းအားအရင်းအမြစ်လေ့ကျင့်ရေးနှင့် အသိပညာပေးဌာနခွဲများ၏ ရုံးခန်းများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းများကိုတွေ့ဆုံ၍ ဝန်ထမ်းများအချင်းချင်း မိသားစုစိတ်ဓာတ်နှင့် တစ်ဦးနှင့်တစ်ဦး အပြန်အလှန် လေးလေးစားစားဆက်ဆံကြရန်နှင့် ကျန်းမာရေးအထူးဂရုစိုက်၍ လုပ်ငန်းတာဝန်များကို ကျေပွန်အောင် ကြိုးကြိုးစားစားထမ်းဆောင်ကြရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဝဏ္ဏသိဒ္ဓိအားကစားကွင်း အလေးမအားကစားရုံ၌ လေ့ကျင့်လျက်ရှိသည့် (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် မြန်မာ့လက်ရွေးစင် အလေးမအားကစားသမား (အမျိုးသား/အမျိုးသမီး)များ၏ ဝိတ်တန်းအလိုက် ပြိုင်ပွဲအသွင် ဆန်းစစ်ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အာဆီယံဘဏ္ဍာရေးဝန်ကြီးများ၊ ဗဟိုဘဏ်ဥက္ကဋ္ဌများနှင့် အပြည်ပြည်ဆိုင်ရာငွေရေးကြေးရေး အဖွဲ့အစည်းများ အစည်းအဝေး၊ (၁၈) ကြိမ်မြောက် အာဆီယံဗဟိုဘဏ်ဥက္ကဋ္ဌများအစည်းအဝေးနှင့် (၈) ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများအစည်းအဝေးကျင်းပ

**နေပြည်တော် ဧပြီ ၈**

အာဆီယံဘဏ္ဍာရေးဝန်ကြီးများ၊ ဗဟိုဘဏ်ဥက္ကဋ္ဌများနှင့် အပြည်ပြည်ဆိုင်ရာ ငွေရေးကြေးရေး အဖွဲ့အစည်းများအစည်းအဝေး (AFMGM Session with International Financial Institutions)၊ (၁၈) ကြိမ်မြောက် အာဆီယံဗဟိုဘဏ်ဥက္ကဋ္ဌများအစည်းအဝေး (18th ASEAN Central Bank Governors' Meeting–ACGM) နှင့် (၈) ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေး (8th ASEAN Finance Ministers' and Central Bank Governors' Meeting–AFMGM) များကို ယနေ့တွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။ **(ယာပုံ)**

ယနေ့ နံနက် ၇ နာရီခွဲတွင် ကျင်းပသည့် အာဆီယံဘဏ္ဍာရေးဝန်ကြီးများ၊ ဗဟိုဘဏ်ဥက္ကဋ္ဌများနှင့် အပြည်ပြည်ဆိုင်ရာငွေရေးကြေးရေးအဖွဲ့အစည်းများအစည်းအဝေး (AFMGM Session with International Financial Institutions) သို့ အာဆီယံဗဟိုဘဏ်ဥက္ကဋ္ဌများနှင့်အတူ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်း တက်ရောက်သည်။

အစည်းအဝေးတွင် လက်တလောကာလ ကမ္ဘာလုံးဆိုင်ရာနှင့် ဒေသဆိုင်ရာ စီးပွားရေးအခြေအနေ အလားအလာများနှင့် ပြန်လည်ဦးမော့မှုဆိုင်ရာ အားကောင်းစေရေးမူဝါဒဆိုင်ရာ အကြံပြုချက်များနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာငွေရေးကြေးရေး အဖွဲ့အစည်းများ (International Financial Institutions–IFIs) ဖြစ်သည့် အာရှအခြေခံအဆောက်အဦ ရင်းနှီးမြှုပ်နှံမှုဘဏ် (Asian Infrastructure Investment Bank–AIIB)၊ အာရှဖွံ့ဖြိုးရေးဘဏ် (Asia Development Bank–ADB)၊ အာဆီယံ+၃ မေခရိုစီးပွားရေးသုတေသနရုံး (ASEAN+3 Macro Research Office–AMRO)၊ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (International Monetary Fund–IMF) နှင့် ကမ္ဘာ့ဘဏ် (World Bank–WB) တို့က တင်ပြကြသည်။ ယင်းတို့၏ တင်ပြချက်များအပေါ် အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများက သုံးသပ်ဆွေးနွေးပြောကြားကြသည်။

ထို့နောက် နံနက် ၁၀ နာရီတွင် ကျင်းပသည့် (၁၈) ကြိမ်မြောက် အာဆီယံဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေးသို့ အာဆီယံဗဟိုဘဏ်ဥက္ကဋ္ဌများနှင့်အတူ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်း တက်ရောက်သည်။

ရှေးဦးစွာ (၁၈) ကြိမ်မြောက် အာဆီယံဗဟိုဘဏ်ဥက္ကဋ္ဌများအစည်းအဝေး သဘာပတိဖြစ်သူ ကမ္ဘောဒီးယားဗဟိုဘဏ်ဥက္ကဋ္ဌ Mr.CHEA Chanto က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် အာဆီယံငွေရေးကြေးရေးပေါင်းစည်းရေးလုပ်ငန်းများ ကြီးကြပ်ထိန်းကျောင်းသည့် အာဆီယံအဆင့်မြင့်ကော်မတီ (ASEAN Senior Level Committee–SLC) ၏ ပူးတွဲသဘာပတိက အာဆီယံငွေရေးကြေးရေးပေါင်းစည်းမှုဆိုင်ရာ လုပ်ငန်းကော်မတီများ၏ ငွေရေးကြေးရေးပူးပေါင်းဆောင်ရွက်မှု နောက်ဆုံးတိုးတက်မှုအခြေအနေများကို တင်ပြသည်။

ဆက်လက်၍ "Interoperable Data Framework & ASEAN QR Cross–Border Payments" နှင့် "Digital Connectivity Enhancement across ASEAN Member States" နှင့် စပ်လျဉ်းသည့် ကိစ္စရပ်များအပေါ် အာဆီယံဗဟိုဘဏ်ဥက္ကဋ္ဌများက အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းက အာဆီယံငွေကြေး ဖလှယ်မှုအစီအစဉ် (ASEAN Swap Arrangement – ASA) နှင့်စပ်လျဉ်း၍ တင်ပြဆွေးနွေးခဲ့ပြီး အာဆီယံဗဟိုဘဏ်ဥက္ကဋ္ဌများက အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

ယင်းနေ့မွန်းလွဲပိုင်းတွင် (၈) ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများအစည်းအဝေးကို ကျင်းပရာ အစည်းအဝေးသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်း တက်ရောက်သည်။




အစည်းအဝေးတွင် ကမ္ဘောဒီးယားနိုင်ငံစီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးက အဖွင့်အမှာစကား ပြောကြားပြီး ၂၀၂၂ ခုနှစ်တွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌအနေဖြင့် ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့်စပ်လျဉ်း၍ ကမ္ဘောဒီးယားနိုင်ငံမှ တင်ပြဆွေးနွေးသည်။ ယင်းနောက် အာဆီယံစီးပွားရေးလုပ်ငန်းများ အကြံပေးကောင်စီ (ASEAN Business Advisory Council–ABAC)၊ ဥရောပ–အာဆီယံ စီးပွားရေးလုပ်ငန်းကောင်စီ (EU–ASEAN Business Council–ABC) နှင့် အမေရိကန်–အာဆီယံ စီးပွားရေးလုပ်ငန်းကောင်စီ (US–ASEAN Business Council–US–ABC) တို့မှ ကိုယ်စားလှယ်များက ၎င်းတို့ ဦးစားပေးဆောင်ရွက်မည့်လုပ်ငန်းများနှင့် ပတ်သက်၍ တင်ပြဆွေးနွေးခဲ့ရာ အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများက အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ထို့နောက် အာဆီယံအတွင်းရေးမှူးချုပ်က ကြီးကြပ်ထိန်းကျောင်းမှုနှင့် အကဲဖြတ်သုံးသပ်မှု လုပ်ငန်းစဉ်များ၊ ငွေရေးကြေးရေးပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများအပါအဝင် ၂၀၂၅ အာဆီယံ စီးပွားရေးအသိုက်အဝန်းလမ်းပြမြေပုံအရ ဆောင်ရွက်လျက်ရှိသည့် လတ်တလော လုပ်ငန်းတိုးတက်မှုနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ အာဆီယံဘဏ္ဍာရေးနှင့် ဗဟိုဘဏ်ဒုတိယအကြီးအကဲများအစည်းအဝေး ပူးတွဲသဘာပတိက အာဆီယံငွေကြေးနှင့် ငွေရေးကြေးရေးပေါင်းစည်းရေးလမ်းပြမြေပုံ (Roadmap for Monetary and Financial Integration of ASEAN–RIA–Fin)အရ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များနှင့် အာဆီယံစဉ်ဆက်မပြတ် ဘဏ္ဍာရေးပူးပေါင်းဆောင်ရွက်မှု (ASEAN Sustainable Finance Cooperation) ဆိုင်ရာ လုပ်ငန်းစဉ်များ၏ လုပ်ငန်းတိုးတက်မှုကို တင်ပြကြသည်။

အစည်းအဝေးတွင် အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများက ၂၀၂၂ ခုနှစ်အတွက် အာဆီယံအလှည့်ကျဥက္ကဋ္ဌအနေဖြင့် ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းအစီအစဉ်များ (ASEAN Chair 2022 Priorities)၊ အာဆီယံစီးပွားရေးအသိုက်အဝန်းလမ်းပြမြေပုံအရ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းတိုးတက်မှု (Progress of the AEC Blueprint)၊ အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ၏ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ တိုးတက်မှု (Progress of Cooperation under the ASEAN Finance Ministers' and Central Bank Governors' Process) နှင့်စပ်လျဉ်း၍လည်း အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် (၈) ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေး (8th AFMGM) ၏ ပူးတွဲကြေညာချက်မူကြမ်းကို အပြီးသတ်ဆွေးနွေး၍ အတည်ပြုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၂ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပြဋ္ဌာန်း

*ယမန်နေ့မှ အဆက်*

၃၈။ (က) ပြည်တွင်းအခွန်များဦးစီးဌာနသည် အခွန်ပေးဆောင်ထိုက်သူများ ဥပဒေနှင့်အညီ ခံစားနိုင်သော အခွန်ဆိုင်ရာသက်သာခွင့်၊ ကင်းလွတ်ခွင့်များကို ပြည်သူများအား အသိပေးခြင်း၊ သက်သာခွင့်များနှင့်အညီ အခွန်ကောက်ခံရာတွင် တွက်ချက်ခွင့်ပြုပေးခြင်း၊ အခွန်ဆိုင်ရာ တာဝန်ကျေပွန်သည့် အခွန်ဝန်ထမ်းများ၊ အခွန်ထမ်းပြည်သူများအား အသိအမှတ်ပြုခြင်းနှင့် ထိုက်သင့်သောချီးမြှင့်မှုများ စီမံဆောင်ရွက်ပေးခြင်းတို့ကို ပြုလုပ်ပေးရမည်။

(ခ) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် အခွန်စနစ်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ပုဒ်မခွဲ (က) ပါ လုပ်ငန်းရပ်များကို အကောင်အထည်ဖော်ရာတွင် ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေ၌ ပြည်တွင်းအခွန်များဦးစီးဌာန၏ သာမန်အသုံးစရိတ်အဖြစ် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ခွင့်ပြုပေးနိုင်သည်။

(ဂ) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပုဒ်မခွဲ (ခ) ပါ အသုံးစရိတ်များအား အခွန်ကောက်ခံမှုဆိုင်ရာ လုပ်ငန်းတာဝန်ကျေပွန်သည့် နိုင်ငံ့ဝန်ထမ်းများကို ဆုကြေးငွေ ချီးမြှင့်ရန်အတွက် ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ သုံးစွဲနိုင်သည်။

၃၉။ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်များ ရရှိပိုင်ဆိုင်ထားခြင်းအတွက် အောက်ဖော်ပြပါ ကောက်ခံရဒဏ်ကြေးငွေများ၏ ၂၀ ရာခိုင်နှုန်းကို သတင်းပေးတင်ပြသူအားလည်းကောင်း၊ ၃၀ ရာခိုင်နှုန်းကို ရှာဖွေဖမ်းဆီးသူအားလည်းကောင်း ဆုကြေးအဖြစ် ချီးမြှင့်ရမည်။ သတင်းပေးတင်ပြသူ မည်သူမည်ဝါဖြစ်ကြောင်းကို အစိုးရကိစ္စမှတစ်ပါး ထုတ်ဖော်ခြင်းမပြုရ –

(က) အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချစေရမည့် အထူးကုန်စည်များနှင့် စပ်လျဉ်း၍ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်ကို လက်ဝယ်ရရှိ ပိုင်ဆိုင်ထားသူနှင့် သတ်မှတ်အခွန်အမှတ်တံဆိပ် ကပ်နှိပ်ပေးရန် ပျက်ကွက်သည့် အထူးကုန်စည် ထုတ်လုပ်သူတို့အပေါ် အထူးကုန်စည်ခွန်ဥပဒေ ပုဒ်မ ၂၂၊ ပုဒ်မခွဲ (ဂ) နှင့် ပုဒ်မခွဲ (စ) အရ တပ်ရိုက်သည့် ဒဏ်ကြေးငွေများ၊

(ခ) ကျန်အထူးကုန်စည်များနှင့်စပ်လျဉ်း၍ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်ကို လက်ဝယ်ရရှိပိုင်ဆိုင်ထားသူအပေါ် အထူးကုန်စည်ခွန်ဥပဒေ ပုဒ်မ ၂၂၊ ပုဒ်မခွဲ (ဂ) အရ တပ်ရိုက်သည့် ဒဏ်ကြေးငွေ။

၄၀။ (က) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၂၁၊ ပုဒ်မခွဲ (စ) တွင် မည်သို့ပင်ပါရှိစေကာမူ ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထားကို ထားရှိသော်လည်း ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှုရယူသူထံသို့ ထုတ်ပေးရန် ပျက်ကွက်ခြင်း သို့မဟုတ် ပြေစာအား ထုတ်ပေးသော်လည်း ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်းများဖြင့် သတ်မှတ်ထားသော ကျသင့်အခွန်တန်ဖိုးအတိုင်း အခွန်အမှတ်တံဆိပ်ကပ်နှိပ်ပေးရန် ပျက်ကွက်ခြင်းတို့ကို မြို့နယ်အခွန်ဦးစီးဌာနမှူးက စစ်ဆေးတွေ့ရှိပါက ယင်းသို့ပျက်ကွက်ခြင်းအတွက် ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထားတန်ဖိုးအပေါ် ထပ်မံပေးဆောင်ရမည့်အခွန်၏ ၁၀၀ ရာခိုင်နှုန်းကို ဒဏ်ကြေးငွေအဖြစ် ပေးဆောင်စေရမည့်အပြင် ပျက်ကွက်မှုအကြိမ်အလိုက် အောက်ပါငွေပမာဏကိုပါ ဒဏ်ကြေးငွေအဖြစ် ပေးဆောင်ရမည် –

(၁) ပထမအကြိမ်ပျက်ကွက်ခြင်းအတွက် ကျပ် ၁၀ သိန်း၊

(၂) ဒုတိယအကြိမ်ပျက်ကွက်ခြင်းအတွက် ကျပ် ၂၀ သိန်း၊

(၃) တတိယအကြိမ်ပျက်ကွက်ခြင်းအတွက် ကျပ် ၃၀ သိန်း၊

(၄) တတိယအကြိမ်အထက် ပျက်ကွက်ခြင်းအတွက် ကျပ် ၆၀ သိန်း။

(ခ) အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချစေရမည့် ကုန်စည်နှင့်စပ်လျဉ်း၍ သတ်မှတ် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ထားခြင်းမရှိဘဲ ရောင်းချကြောင်း မြို့နယ်အခွန်ဦးစီးဌာနမှူးက စစ်ဆေးတွေ့ရှိပါက အခွန်အမှတ်တံဆိပ် ကပ်နှိပ်ထားခြင်းမရှိသော ကုန်စည်ကို လက်ရှိပိုင်ဆိုင်ထားခြင်းအတွက် လက်ဝယ်ထားရှိသူက ယင်းကုန်စည် တန်ဖိုး၏ ၁၀၀ ရာခိုင်နှုန်းကို ဒဏ်ကြေးငွေအဖြစ် ပေးဆောင်ရမည်။

၄၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် အောက်ဖော်ပြပါ ကောက်ခံရဒဏ်ကြေးငွေများနှင့် စပ်လျဉ်း၍ ဆုကြေးငွေချီးမြှင့်ခြင်းကို အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်နိုင်သည် –

(က) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထားကိုထားရှိသော်လည်း ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှုရယူသူထံသို့ ထုတ်ပေးရန် ပျက်ကွက်ခြင်း၊ ပြေစာအား ထုတ်ပေးသော်လည်း ကျသင့်အခွန်တန်ဖိုးနှင့်ညီမျှသော အခွန်အမှတ်တံဆိပ်ကပ်နှိပ်ပေးရန် ပျက်ကွက်ခြင်းတို့အတွက် ဤဥပဒေ ပုဒ်မ ၄၀၊ ပုဒ်မခွဲ (က) အရ တပ်ရိုက်သည့် ဒဏ်ကြေးငွေ၊

(ခ) အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချရန် သတ်မှတ်ထားသော ကုန်စည်နှင့်စပ်လျဉ်း၍ သတ်မှတ်ထားသည့်အတိုင်း အခွန်အမှတ်တံဆိပ် ကပ်နှိပ်ထားခြင်းမရှိဘဲ ရောင်းချခြင်းအတွက် ဤဥပဒေ ပုဒ်မ ၄၀၊ ပုဒ်မခွဲ (ခ) အရ တပ်ရိုက်သည့် ဒဏ်ကြေးငွေ။

၄၂။ ဘဏ္ဍာရေးနှစ်ပြောင်းလဲခြင်းအတွက် သက်ဆိုင်ရာဥပဒေတွင် မည်သို့ပင်ပြဋ္ဌာန်းထားစေကာမူ အကူးအပြောင်းကာလအတွင်း အခွန်ကောက်ခံမှုဆိုင်ရာလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနသည် လိုအပ်သော လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၄၃။ နှစ်စဉ်ပြဋ္ဌာန်းသည့် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေနှင့်စပ်လျဉ်း၍ ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်း၊ အဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုချက်၊ လိုက်နာကျင့်သုံးရန်သတ်မှတ်ချက်၊ အများပြည်သူသိရှိလိုက်နာရန်သတ်မှတ်ချက် စသည်တို့သည် ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည် –

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ဇယား (၁)

ပြည်ထောင်စု၏အခွန်အကောက်များကောက်ခံရန် မူလလျာထားချက်

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | ပြည်ထောင်စုအစိုးရ၏ တာဝန်ခံဝန်ကြီးဌာနများ | အကြောင်းအရာ | ၂၀၂၂ ခန့်မှန်းခြေ |
|---|---|---|---|---|
| ၁ | | | **ပြည်တွင်းထွက်ကုန်နှင့် ပြည်သူပြည်သားများ သုံးစွဲမှုအပေါ် ကောက်ခံသည့် အခွန်အကောက်** | ၃,၇၀၄,၃၅၀.၃၁၀ |
| | ၁ | ပြည်ထဲရေးဝန်ကြီးဌာန | ယစ်မျိုးခွန်၊ | ၁,၃၈၈.၂၇၅ |
| | ၂ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ကုန်သွယ်လုပ်ငန်းခွန်၊ | ၁,၇၈၇,၆၈၆.၃၇၉ |
| | ၃ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | သွင်းကုန်အတွက်လိုင်စင်ကြေး၊ ပါမစ်ကြေးများ၊ | ၅,၀၀၀.၀၀၀ |
| | ၄ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | မြန်မာနိုင်ငံအောင်ဘာလေသိန်းဆု၊ | ၉၀,၀၀၀.၀၀၀ |
| | ၅ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | မော်တော်ယာဉ်၊ ယာဉ်မောင်းလိုင်စင်၊ လုပ်ငန်းလိုင်စင်ဆိုင်ရာ အခငွေများ၊ | ၂၀၁,၀၉၉.၉၁၄ |
| | ၆ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ရုံးခွန်နှင့် တံဆိပ်ခေါင်းခွန်၊ | ၈၈,၄၀၁.၁၀၈ |
| | ၇ | ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန | ခရီးလှည့်လည်ရေးလိုင်စင်၊ ဟိုတယ်နှင့် တည်းခိုရိပ်သာလိုင်စင်၊ ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင်များအတွက် လိုင်စင်ကြေး၊ | ၆၇၀.၉၈၅ |
| | ၈ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အထူးကုန်စည်ခွန်၊ | ၁,၅၁၁,၅၈၄.၁၆၇ |
| | ၉ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ရတနာခွန်၊ | ၁၂,၅၁၉.၄၈၂ |
| | ၁၀ | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် ကုမ္ပဏီမှတ်ပုံတင်ခြင်းဆိုင်ရာ ဝန်ဆောင်မှုပေးခြင်းမှရရှိသည့် အခကြေးငွေများ | ၆,၀၀၀.၀၀၀ |
| ၂ | | | **ဝင်ငွေနှင့် ပိုင်ဆိုင်မှုအပေါ် ကောက်ခံသည့် အခွန်အကောက်** | ၂,၃၁၄,၆၄၈.၇၈၄ |
| | ၁ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ဝင်ငွေခွန်၊ | ၂,၃၁၄,၆၄၈.၇၈၄ |
| ၃ | | | **အကောက်ခွန်** | **၄၆၀,၀၀၀.၀၀၀** |
| | ၁ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အကောက်ခွန်၊ | ၄၆၀,၀၀၀.၀၀၀ |
| ၄ | | | **နိုင်ငံပိုင်သယံဇာတများ ထုတ်ယူသုံးစွဲမှုအပေါ် ကောက်ခံသည့် အခွန်အကောက်** | **၇၀၀,၀၉၄.၅၆၃** |
| | ၁ | ပြည်ထဲရေးဝန်ကြီးဌာန | မြေယာပေါ်တွင်ကောက်ခံသည့်အခွန်၊ | ၃၀.၄၃၃ |
| | ၂ | နေပြည်တော်ကောင်စီ | ရေခွန်၊ | ၇၀.၃၆၀ |
| | ၃ | ပြည်ထဲရေးဝန်ကြီးဌာန | တာတမံခွန်၊ | ၀.၉၉၆ |
| | ၄ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | သစ်တောများမှ ပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့် သစ်တောခွန်၊ | ၆,၄၇၅.၃၅၄ |
| | ၅ | ပြည်ထဲရေးဝန်ကြီးဌာန | ဓာတ်သတ္တုပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် (စက်မှုကုန်ကြမ်းတွင်းထွက်နှင့် အလှဆင်ကျောက်များမပါ)၊ | ၅၆.၂၀၀ |
| | ၆ | စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | ငါးလုပ်ငန်းဆိုင်ရာအခွန်အခ၊ | ၄,၅၀၃.၃၀၀ |
| | ၇ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | ရေနံနှင့် သဘာဝဓာတ်ငွေ့ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်၊ | ၄၄၄,၈၃၃.၃၅၉ |
| | ၈ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | ဓာတ်သတ္တုခွန်နှင့်တွင်းဝခွန်၊ | ၃၃,၉၀၉.၇၃၅ |
| | ၉ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်ခြင်းကြောင့် ကောက်ခံသည့် အခွန်အခ၊ | ၁၉၆,၁၄၉.၄၄၂ |
| | ၁၀ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | ရေအား အရင်းအမြစ်မှ လျှပ်စစ်ဓာတ်အား ထုတ်ယူသည့်အတွက် အခမဲ့ရရှိသည့် ဓာတ်အားခ၊ | ၁၁,၉၀၅.၃၆၂ |
| | ၁၁ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူများထံမှ ကောက်ခံရရှိသည့်အခွန်။ | ၂,၁၆၀.၀၂၂ |
| | | | **စုစုပေါင်း** | ၇,၁၇၉,၀၉၃.၆၅၇ |

စာမျက်နှာ ၁၂ မှ

## ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ

ဇယား(၄)။ ။ အဆုံး
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | ကြွေးမြီ | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အရေးပေါ်ရန်ပုံငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၃၂ | ကချင်ပြည်နယ်အစိုးရအဖွဲ့သို့ထောက်ပံ့ငွေ/ ချေးငွေ/အရေးပေါ်ရန်ပုံငွေအတွက် ခွင့်ပြုငွေ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သို့မဟုတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက တာဝန်ပေးသူ | | ၁,၀၀၀.၀၀၀ | | ၁၆၈,၈၁၈.၂၁၅ | | | | | | ၁၆၉,၈၁၈.၂၁၅ |
| ၃၃ | ကယားပြည်နယ်အစိုးရအဖွဲ့သို့ထောက်ပံ့ငွေ/ ချေးငွေ/အရေးပေါ်ရန်ပုံငွေအတွက် ခွင့်ပြုငွေ | ၎င်း | | ၁,၀၀၀.၀၀၀ | | ၇၈,၇၃၉.၉၅၁ | | | | | | ၇၉,၇၃၉.၉၅၁ |
| ၃၄ | ကရင်ပြည်နယ်အစိုးရအဖွဲ့သို့ ထောက်ပံ့ငွေ/ ချေးငွေ/အရေးပေါ်ရန်ပုံငွေအတွက် ခွင့်ပြုငွေ | ၎င်း | | ၁,၀၀၀.၀၀၀ | | ၁၀၆,၀၉၀.၃၅၀ | | | | | | ၁၀၇,၀၉၀.၃၅၀ |
| ၃၅ | ချင်းပြည်နယ်အစိုးရအဖွဲ့သို့ ထောက်ပံ့ငွေ/ ချေးငွေ/ အရေးပေါ်ရန်ပုံငွေအတွက် ခွင့်ပြုငွေ | ၎င်း | | ၁,၀၀၀.၀၀၀ | | ၁၅၂,၃၀၇.၉၀၈ | | | | | | ၁၅၃,၃၀၇.၉၀၈ |
| ၃၆ | စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ထောက်ပံ့ငွေ/ ချေးငွေ/အရေးပေါ်ရန်ပုံငွေအတွက် ခွင့်ပြုငွေ | ၎င်း | | ၁,၀၀၀.၀၀၀ | | ၂၀၁,၁၆၈.၀၀၆ | | | | | | ၂၀၂,၁၆၈.၀၀၆ |
| ၃၇ | တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ထောက်ပံ့ငွေ/ ချေးငွေ/ အရေးပေါ်ရန်ပုံငွေအတွက် ခွင့်ပြုငွေ | ၎င်း | | ၁,၀၀၀.၀၀၀ | | ၁၄၈,၀၁၅.၃၇၇ | | | | | | ၁၄၉,၀၁၅.၃၇၇ |
| ၃၈ | ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ထောက်ပံ့ငွေ/ ချေးငွေ/ အရေးပေါ်ရန်ပုံငွေအတွက် ခွင့်ပြုငွေ | ၎င်း | | ၁,၀၀၀.၀၀၀ | | ၁၄၃,၈၂၄.၃၅၄ | | | | | | ၁၄၄,၈၂၄.၃၅၄ |
| ၃၉ | မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ထောက်ပံ့ငွေ/ ချေးငွေ/ အရေးပေါ်ရန်ပုံငွေအတွက် ခွင့်ပြုငွေ | ၎င်း | | ၁,၀၀၀.၀၀၀ | | ၁၇၂,၃၈၁.၄၉၂ | | | | | | ၁၇၃,၃၈၁.၄၉၂ |
| ၄၀ | မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ထောက်ပံ့ငွေ/ ချေးငွေ/ အရေးပေါ်ရန်ပုံငွေအတွက် ခွင့်ပြုငွေ | ၎င်း | | ၁,၀၀၀.၀၀၀ | | ၁၃၀,၄၈၃.၅၉၅ | | | | | | ၁၃၁,၄၈၃.၅၉၅ |
| ၄၁ | မွန်ပြည်နယ်အစိုးရအဖွဲ့သို့ ထောက်ပံ့ငွေ/ချေးငွေ/ အရေးပေါ်ရန်ပုံငွေအတွက် ခွင့်ပြုငွေ | ၎င်း | | ၁,၀၀၀.၀၀၀ | | ၉၆,၅၁၂.၉၄၂ | | | | | | ၉၇,၅၁၂.၉၄၂ |
| ၄၂ | ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ ထောက်ပံ့ငွေ/ချေးငွေ/ အရေးပေါ်ရန်ပုံငွေအတွက် ခွင့်ပြုငွေ | ၎င်း | | ၁,၀၀၀.၀၀၀ | | ၁၆၈,၉၃၀.၃၄၃ | | | | | | ၁၆၉,၉၃၀.၃၄၃ |
| ၄၃ | ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ထောက်ပံ့ငွေ/ ချေးငွေ/ အရေးပေါ်ရန်ပုံငွေအတွက် ခွင့်ပြုငွေ | ၎င်း | | ၁,၀၀၀.၀၀၀ | | ၁၁၉,၇၅၆.၀၂၅ | | | | | | ၁၂၀,၇၅၆.၀၂၅ |
| ၄၄ | ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ထောက်ပံ့ငွေ/ ချေးငွေ/ အရေးပေါ်ရန်ပုံငွေအတွက် ခွင့်ပြုငွေ | ၎င်း | | ၁,၀၀၀.၀၀၀ | | ၂၄၅,၄၀၂.၄၇၄ | | | | | | ၂၄၆,၄၀၂.၄၇၄ |
| ၄၅ | ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ထောက်ပံ့ငွေ/ ချေးငွေ/ အရေးပေါ်ရန်ပုံငွေအတွက် ခွင့်ပြုငွေ | ၎င်း | | ၁,၀၀၀.၀၀၀ | | ၁၄၀,၁၆၇.၆၆၆ | | | | | | ၁၄၁,၁၆၇.၆၆၆ |
| | ပေါင်း | | ၇,၄၈၇,၉၇၆.၇၁၂ | ၁၁၄,၀၀၀.၀၀၀ | ၂,၆၈၁,၃၄၈.၉၃၉ | ၂,၅၁၂,၀၅၇.၃၀၄ | ၄,၂၈၈,၂၅၅.၇၅၀ | | ၈၇၉,၄၇၁.၆၈၅ | ၃၀,၂၄၃.၁၄၇ | | ၁၇,၉၉၃,၃၉၃.၅၃၇ |

## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ

ဇယား(၅)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | ကြွေးမြီ | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ထောက်ပံ့ငွေရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီ ရငွေ | ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ | စုဆောင်းငွေမှ ရငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | အလုပ်သမားဝန်ကြီးဌာနလက်အောက်ရှိ လူမှုဖူလုံရေးအဖွဲ့ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သို့မဟုတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက တာဝန်ပေးသူ | | | ၁၀၉,၀၀၀.၀၀၀ | | | | | | | | | ၁၀၉,၀၀၀.၀၀၀ |
| | ပေါင်း | | | | ၁၀၉,၀၀၀.၀၀၀ | | | | | | | | | ၁၀၉,၀၀၀.၀၀၀ |

## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ

ဇယား(၆)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | ကြွေးမြီ | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | အလုပ်သမားဝန်ကြီးဌာနလက်အောက်ရှိ လူမှုဖူလုံရေးအဖွဲ့ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သို့မဟုတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက တာဝန်ပေးသူ | ၃၉,၉၀၂.၈၉၅ | | | ၁,၉၈၃.၀၈၄ | | | | | ၄၁,၈၈၅.၉၇၉ |
| | ပေါင်း | | ၃၉,၉၀၂.၈၉၅ | | | ၁,၉၈၃.၀၈၄ | | | | | ၄၁,၈၈၅.၉၇၉ |

(ဆက်လက်ဖော်ပြပါမည်)

# တောင်ကိုရီးယားနိုင်ငံ၌ ရဟတ်ယာဉ်တစ်စင်းပျက်ကျမှုကြောင့် နှစ်ဦးသေဆုံးပြီး တစ်ဦးပျောက်ဆုံးလျက်ရှိ

ဆိုးလ် ဧပြီ ၈

**တောင်ကိုရီးယားနိုင်ငံတောင်ဘက်စွန်း မာရာကျွန်း၏ ကမ်းလွန်၌ ရဟတ်ယာဉ်တစ်စင်း ပျက်ကျမှုဖြစ်ပွားခဲ့သဖြင့် နှစ်ဦးသေဆုံးပြီး တစ်ဦးပျောက်ဆုံးနေကြောင်း ကမ်းခြေစောင့်တပ်ဖွဲ့ကို ကိုးကားပြီး ယွန်းဟပ်သတင်းအေဂျင်စီက ဧပြီ ၈ ရက်တွင် သတင်းထုတ်ပြန်လိုက်သည်။**



တောင်ကိုရီးယားနိုင်ငံ ကမ်းခြေစောင့်ရဟတ်ယာဉ်တစ်စင်းကို တွေ့ရစဉ်။

တောင်ကိုရီးယားနိုင်ငံ ကမ်းခြေစောင့် ရဟတ်ယာဉ်တစ်စင်းသည် အမှုထမ်းလေးဦး သယ်ဆောင်လာပြီး ဒေသစံတော်ချိန် ၁ နာရီ ၃၂ မိနစ်ခန့်တွင် မာရာကျွန်း၏ အနောက်တောင်ဘက် ၃၇၀ ကီလိုမီတာခန့်အကွာ၌ ရေထဲသို့ ထိုးကျသွားကြောင်း သိရသည်။

ရဟတ်ယာဉ်ပေါ်ပါ လေးဦးအနက် နှစ်ဦးသေဆုံးပြီး တစ်ဦးပျောက်ဆုံးနေကြောင်း သိရသည်။ အနီးအနားရှိ ကင်းလှည့်ရေယာဉ်တစ်စင်းက ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ပြီးနောက် ရဟတ်ယာဉ်မောင်းသူမှာ အသက်အန္တရာယ်မစိုးရိမ်ရသော အခြေအနေတွင်ရှိကြောင်း သိရသည်။

ရဟတ်ယာဉ်ပျက်ကျမှုကြောင့် ပျောက်ဆုံးနေသည့် အမှုထမ်းတစ်ဦးကို ရှာဖွေကယ်ဆယ်မှုများ လုပ်ဆောင်ရန်အတွက် ကမ်းခြေစောင့်ကင်းလှည့်ရေယာဉ် ခုနစ်စင်းအပါအဝင် စုစုပေါင်း ရေယာဉ် ၁၇ စင်းဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

# ဂျပန်နိုင်ငံ အိုဆာကာ၌ ကျင်းပမည့် ၂၀၂၅ ကမ္ဘာ့ကုန်စည်ပြပွဲသို့ နိုင်ငံနှင့်ဒေသပေါင်း ၁၀၀ မှ ဝင်ရောက်ပြသမည်

အိုဆာကာ ဧပြီ ၈

ဂျပန်နိုင်ငံအနောက်ပိုင်း အိုဆာကာတွင် ကျင်းပမည့် ၂၀၂၅ ကမ္ဘာ့ကုန်စည်ပြပွဲသို့ ယခုအချိန်အထိ နိုင်ငံနှင့်ဒေသပေါင်း ၁၀၀ မှ ဝင်ရောက် ပြသမည်ဖြစ်ကြောင်း ကြေညာထားသည်။



၂၀၂၅ ကမ္ဘာ့ကုန်စည်ပြပွဲသရုပ်ဖော်ပုံစံငယ်ကို တွေ့ရစဉ်။

အနောက်အာဖရိက နိုင်ငံတစ်နိုင်ငံဖြစ်သည့် အိုင်ဗရီကို့စ်ဟု လူသိများသည့် ကော့ဒူဝါးနိုင်ငံအပါအဝင် နိုင်ငံနှင့်ဒေသပေါင်း ၁၃ ခုသည် ကမ္ဘာ့ကုန်စည်ပြပွဲသို့ ပါဝင်ရန် နောက်ဆုံးကြေညာထားကြောင်း ၂၀၂၅ ကမ္ဘာ့ကုန်စည်ပြပွဲဝန်ကြီး ဝါကာမီယာကန်ဂျီက ပြောကြားလိုက်သည်။

ထို့အပြင် နိုင်ငံတကာ အဖွဲ့အစည်း ခုနစ်ခုလည်း ကမ္ဘာ့ကုန်စည်ပြပွဲသို့ ဝင်ရောက်ပြသရန် စီစဉ်ထားကြောင်း ဧပြီ ၈ ရက်တွင် ဝါကာမီယာက ထပ်လောင်းပြောကြားလိုက်သည်။

နိုင်ငံနှင့် ဒေသပေါင်း ၁၅၀ ခန့်နှင့် နိုင်ငံတကာ အဖွဲ့အစည်းပေါင်း ၂၅ ခုခန့် ကမ္ဘာ့ကုန်စည်ပြပွဲ၌ ပါဝင်ပြသရန် မျှော်မှန်းထားကြောင်း ဂျပန်အစိုးရက ပြောကြားလိုက်သည်။

နောက်ထပ် နိုင်ငံနှင့်ဒေသပေါင်း ၁၂ ခုသည် ကမ္ဘာ့ကုန်စည်ပြပွဲသို့ ပါဝင်ရန် စီစဉ်ထားသော်လည်း တရားဝင်ကြေညာခြင်း မပြုသေးကြောင်း ဝါကာမီယာက ပြောကြားလိုက်သည်။

ဂျပန်အစိုးရက ၂၀၂၅ ကမ္ဘာ့ကုန်စည်ပြပွဲသို့ နိုင်ငံနှင့်ဒေသများအပါအဝင် အဖွဲ့အစည်းများ ပါမကျန် ၇၅ ရာခိုင်နှုန်းနီးပါးခန့် ပါဝင်ပြသရန် မျှော်မှန်းထားသည်။ အစိုးရသည် အဆိုပါ ကုန်စည်ပြပွဲသို့ နိုင်ငံနှင့်ဒေသများ အပါအဝင် အဖွဲ့အစည်းများ ပိုမိုပါဝင်ပြသနိုင်ရန် စည်းရုံးလှုံ့ဆော်မှုများကို အရှိန်မြှင့်တင်ပြုလုပ်သွားမည်ဖြစ်သည်။

အင်န်အိတ်ချ်ကေ

# နယူးဇီလန်နိုင်ငံ၌ ကိုဗစ်-၁၉ အစုလိုက်ကူးစက်ခံရသူ ၉၉၀၆ ဦးရှိ

ဝယ်လင်တန် ဧပြီ ၈

နယူးဇီလန်နိုင်ငံ၌ ဧပြီ ၈ ရက်က ကိုဗစ်-၁၉ အစုလိုက်ကူးစက်ခံရသူသစ် ၉၉၀၆ ဦး ထပ်မံတွေ့ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူများအနက် ၁၈၀၄ ဦးမှာ နိုင်ငံ၏ အကြီးဆုံးမြို့တော် အော့ကလန်တွင် ကူးစက်ခံရသူများဖြစ်ကြောင်း၊ ၆၉ ဦးမှာ နယူးဇီလန်နယ်စပ်တွင် ကူးစက်ခံရသူများဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

နယူးဇီလန်နိုင်ငံတွင် လက်ရှိဆေးရုံတက်ရောက်ကုသမှုခံယူနေရသူ ၆၂၆ ဦးရှိပြီး ၁၇ ဦးမှာ အထူးကြပ်မတ်ကုသဆောင်တွင် ကုသမှုခံယူနေရကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ ၁၀ ဦးရှိကြောင်း ဧပြီ ၇ ရက်တွင် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

နယူးဇီလန်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါစတင်ကူးစက်ဖြစ်ပွားသည့်အချိန်မှစတင်ကာ ကိုဗစ်-၁၉ ကူးစက်ခံရသူပေါင်း ၇၅၀၃၈၅ ဦး ရှိကြောင်း သိရသည်။

ဆင်ဟွာ

# ကိုလံဘီယာအနောက်ပိုင်း၌ ရေကြီးမှုကြောင့် မြေပြိုမှုဖြစ်ပွားရာ ၁၀ ဦးထက်မနည်းသေဆုံး

ဘိုဂိုတာ ဧပြီ ၈

ကိုလံဘီယာအနောက်မြောက်ပိုင်း မြို့တစ်မြို့ဖြစ်သည့် လာအန်တီဂွာတွင် ဧပြီ ၇ ရက်က မြေပြိုမှုဖြစ်ပွားခဲ့ရာ လူ ၁၀ ဦး ထက်မနည်း သေဆုံးခဲ့ပြီး အမြောက်အမြား ဒဏ်ရာရရှိခဲ့ကြောင်း အာဏာပိုင်များက ပြောကြားလိုက်သည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြေပြိုမှုများဖြစ်ပွားခဲ့ပြီး ရေကြီးရေလျှံမှုများသည် ကိုလံဘီယာနိုင်ငံ၏ ခြောက်ခုမြောက် အကြီးဆုံး ပြည်နယ်ဖြစ်သည့် အန်တီယိုကီယာပြည်နယ် အာဘီယာဂီရိုင်ရှိ လာအန်တီဂွာတွင် ဖြစ်ပွားခဲ့ကြောင်း သတင်းများက ဖော်ပြသည်။

လူ ၁၀ ဦး ထက်မနည်း သေဆုံးခဲ့သည့် ဝမ်းနည်းကြေကွဲဖွယ်ကောင်းသော ဖြစ်ရပ်များဖြစ်ခဲ့သည့် အာဘီယာဂီဒေသသို့ သွားရောက်ပြီး ကူညီမှုများ လုပ်ချင်ကြောင်း အန်တီယိုကီယာ အုပ်ချုပ်ရေးမှူး အန်နီဘယ် ဂါဗီရီယာက တွစ်တာတွင် ဖော်ပြလိုက်သည်။ ထို့အပြင် သဘာဝဘေးဒုက္ခ စီမံခန့်ခွဲမှုဌာနသည် အဆိုပါအခြေအနေများကို တာဝန်ယူ ဆောင်ရွက်လျက်ရှိကြောင်းနှင့် အဆိုပါ နေရာသို့ ကယ်ဆယ်ဆောင်ရွက်မှုများ လုပ်ဆောင်ရန် သက်ဆိုင်သူများကို စေလွှတ်ထားကြောင်းလည်း အုပ်ချုပ်ရေးမှူးက ပြောသည်။


ကိုလံဘီယာအနောက်မြောက်ပိုင်း မြို့တစ်မြို့ဖြစ်သည့် လာအန်တီဂွာတွင် မြေပြိုကျနေသည်ကို တွေ့ရစဉ်။

ကိုလံဘီယာသမ္မတ အိုင်ဗန်ဒုဇ်က ကျရောက်လာသည့်ဘေးဒုက္ခများကို စုပေါင်းညီညာလုပ်ဆောင်ကြရန် တိုက်တွန်းကြောင်း သတင်းစကားပါးလိုက်ပြီး အခြေအနေများကို စောင့်ကြည့်ကွပ်ကဲလျက်ရှိကြောင်းလည်း ပြောကြားလိုက်သည်။

ဆင်ဟွာ

# ဘရူနိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ခံရသူ ၃၆၂ ဦးထပ်မံတွေ့ရှိ

ဘန်ဒါဆရီဘီဂါဝန် ဧပြီ ၈

ဘရူနိုင်းနိုင်ငံ၌ ဧပြီ ၈ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၃၆၂ ဦး တွေ့ရှိလာသဖြင့် စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ခံရသူအရေအတွက်မှာ ၁၃၇၉၄၇ ဦးရှိလာပြီဖြစ်ကြောင်း သိရသည်။

ဘရူနိုင်းနိုင်ငံတွင် နိုင်ငံလူဦးရေ ၄၂၀၀၀၀ ရှိသည့်အနက် မတ် ၂၄ ရက်မှ စတင်ကာ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှုန်း ၁၀၀၀ အောက် လျော့နည်းလာသည်မှာ ၁၆ ရက်ဆက်တိုက်ရှိပြီဖြစ်သည်။ ဘရူနိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ တတိယလှိုင်းဖြစ်ပွားနေချိန် မတ် ၃ ရက်က ကိုဗစ်-၁၉ ကူးစက်ခံရသူ တစ်နေ့တည်း ၄၈၈၅ ဦးဖြင့် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အမြင့်ဆုံးဖြစ်ခဲ့သည်။

ဘရူနိုင်းနိုင်ငံတွင် ဧပြီ ၇ ရက်အထိ ကိုဗစ်-၁၉ ကာကွယ်ဆေး တတိယအကြိမ်ထိုးနှံပြီးသူအရေအတွက်မှာ နိုင်ငံလူဦးရေ၏ ၆၂ ဒသမ ၁ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

ဘရူနိုင်းနိုင်ငံ၌ ဖိုက်ဇာ၊ ဘိုင်အိုတက်ခ်၊ မော်ဒါးနား၊ အက်စ်ထရာဇနီကာနှင့် တရုတ်နိုင်ငံထုတ် ဆီနိုဖမ်းကာကွယ်ဆေးများ ထိုးနှံပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဘရူနိုင်းနိုင်ငံ၌ လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံနေရ၍ ဆေးကုသမှုခံယူနေသူ ၂၅၂၄ ဦးရှိပြီး ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရပြီး ပြန်လည်ကျန်းမာလာသူ ၁၃၅၂၀၉ ဦးရှိကြောင်း သိရသည်။

ဆင်ဟွာ

## ကိုဗစ်–၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ စီမံခန့်ခွဲမှုဆပ်ကော်မတီ၏ အသိပေးကြေညာချက်

မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်)တွင် ဖွင့်လှစ်ထားရှိသော ကိုဗစ်–၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ (COVID–19 Vaccination Fund) မြန်မာကျပ်ငွေစာရင်း OA 013733 သို့ ၁၄–၃–၂၀၂၂ ရက်နေ့မှ ၈–၄–၂၀၂၂ ရက်နေ့အထိ ပြည်တွင်း / ပြည်ပ အလှူရှင်များမှ ထည့်ဝင်လှူဒါန်းငွေ စုစုပေါင်းမှာ **ကျပ် ၀ . ၀၅၅ သန်းနှင့် အမေရိကန်ဒေါ်လာ ၁,၀၀၀** ဖြစ်ပါသည်။ ၈–၄–၂၀၂၂ ရက်နေ့အထိ ရန်ပုံငွေစာရင်း၏ အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

**ကိုဗစ်–၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ OA–013733 စာရင်း**

| | ကျပ် |
|---|---|
| ၁၁–၃–၂၀၂၂ ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၁၆၂,၅၅၆,၆၃၃,၆၉၂.၅၃ |
| (+) ၁၄–၃–၂၀၂၂ မှ ၈–၄–၂၀၂၂ ရက်နေ့အထိ ရရှိငွေ | ၅၅,၀၀၀.၀၀ |
| ၈–၄–၂၀၂၂ ရက်နေ့ရှိ စာရင်းပိတ်လက်ကျန် | ၁၆၂,၅၅၆,၆၈၈,၆၉၂.၅၃ |

**ကိုဗစ်–၁၉ ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ EDC 600012 စာရင်း**

| | အမေရိကန်ဒေါ်လာ |
|---|---|
| ၁၁–၃–၂၀၂၂ ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၂၂,၂၆၇,၃၄၉.၅၃ |
| (+) ၁၄–၃–၂၀၂၂ မှ ၈–၄–၂၀၂၂ ရက်နေ့အထိ ရရှိငွေ | ၁,၀၀၀.၀၀ |
| ၈–၄–၂၀၂၂ ရက်နေ့ရှိ စာရင်းပိတ်လက်ကျန် | ၂၂,၂၆၈,၃၄၉.၅၃ |

# ဧပြီ ၈ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၉၂ ဦး တွေ့ရှိ

### ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ မရှိ

**(၈–၄–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၇–၄–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၈–၄–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၄,၉၄၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၉၂) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၆၂) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း(၇,၇၆၁,၄၀၀) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၂,၂၂၄) ဦး ရှိပြီ ဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၁၂) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၀,၆၆၆) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၈–၄–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၄၀၁) ခု | (၅၀) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင်GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၈၇) ခု | (၃) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၆၅) ခု | (၂) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၇) ခု | (၅) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၂,၄၉၅) ခု | (၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၃၃၉) ခု | (၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၀,၃၃၄) ခု | (၁၉) ဦး |
| စုစုပေါင်း | (၁၄,၉၄၈) ခု | (၉၂) ဦး |

- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိ၍ ရောဂါဖြစ်ပွား/သေဆုံးမှုများအား မျက်ခြည်မပြတ်စောင့်ကြည့်လျက်ရှိရာ မြန်မာနိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးမှုများကို လေ့လာသုံးသပ်ကြည့်ရာတွင် ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှုခံယူထားခြင်းဖြင့် ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆ ခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင်လည်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှုခံယူထားသူများအား ကမ္ဘာ့နိုင်ငံအများစုမှ ကွာရန်တင်းဝင်ရောက်ရမှုမှ ဖြေလျှော့ပေးခြင်းအပါအဝင် ကိုဗစ်–၁၉ ရောဂါနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် ကျေးလက်ဒေသနှင့် ဝေးလံခက်ခဲဒေသများတွင် နေထိုင်သူများ အပါအဝင် မည်သူတစ်ဦးတစ်ယောက်မှမကျန်ရစေဘဲ အသက် ၁၈ နှစ်နှင့်အထက် မိဘပြည်သူများ၊ အသက် ၁၂ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ကျောင်းသားများ စသည့်ဦးတည်အုပ်စုအားလုံးကို ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ကာကွယ်ဆေး မထိုးနှံရသေးသော ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် သွားရောက်ဆက်သွယ်၍ အကြိမ်ပြည့်ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ကုသရေး ဆေးနှင့် ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် ဧပြီ ၈**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများအား ရေကြောင်း၊ ဆိပ်ကမ်းအသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိသည်။ ဧပြီ ၈ ရက်၌ ရန်ကုန်ဆိပ်ကမ်းများမှ 4–Legs Walk Assistant/ Walker ၂၄၀၊ Wheel Chair ၂၀၀၊ Commode Chair ၂၆၀၊ Aluminium Quad Cane ၆၀၊ Tip For Crutch ၁၀၀၊ Air Mattress With Pump ၈၀၊ Fresenius Kabi AG ၁၁၂ ခု၊ Over Bed Table နှစ်ခု၊ Medical Imging Film ၃၂၀၊ ဆေးဝါးမျိုးစုံ ၃၃ မျိုး စုစုပေါင်း ၃၃၂၈၆၁ ဒသမ ၁၅ Kg တို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အမျိုးသမီးတစ်ဦးကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားကာ ငွေကြေးအကျိုးအမြတ်ရယူခဲ့သူများကို လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဧပြီ ၈**

အမျိုးသမီးတစ်ဦးကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားကာ ငွေကြေးအကျိုးအမြတ် ရယူခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် ၁၅ နှစ်ချမှတ်ခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် မြို့ဟောင်းအရှေ့ရပ်ကွက်နေ ဒေါ်သောင်းဟန်နှင့် ဒေါ်ကရင်မ (ခ)ဝင်းဝင်းမော်တို့က ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်နေ မ ---၊ ၄၀ နှစ်ကို တရုတ်နိုင်ငံတွင် တရုတ်ယောကျ်ားယူပါက ငွေကျပ် ၁၈ သိန်းရမည်။ ကလေးတစ်ယောက်မွေးပြီးလျှင် ပြန်လာ၍ ရသည်ဟု ပြောဆို စည်းရုံး၍ တရုတ်ယောကျ်ားထံ ပို့ဆောင်ရောင်းစားကာ ငွေကြေးအကျိုးအမြတ်များ ရယူခဲ့သဖြင့် သန်လျင်မြို့မရဲစခန်း (ပ) ၄၀၂၈ / ၂၀၁၉၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄/ ၃၂ ဖြင့် အမှုရေးဖွင့်၍ မြောက်ပိုင်းခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ တရားခံ ဒေါ်သောင်းဟန်နှင့် ဒေါ်ကရင်မ(ခ)ဝင်းဝင်းမော်တို့အား ဧပြီ ၇ ရက်တွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄/ ၃၂ အရ အလုပ်နှင့်ထောင်ဒဏ် ၁၅ နှစ်စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း ၁၃၈၄ ခုနှစ် နှစ်သစ်ကူးမဟာသင်္ကြန် မင်္ဂလာအခမ်းအနားတက်ရောက် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးကို လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၈**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ၁၃၈၄ ခုနှစ် နှစ်သစ်ကူး မဟာသင်္ကြန် မင်္ဂလာ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းက နှစ်သစ်ကူးကြိုဆို နှုတ်ခွန်းဆက်စကားပြောကြားရာတွင် တစ်နှစ်တာကာလပတ်လုံး အခက်အခဲများအကြားမှ ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် အရာထမ်း၊ အမှုထမ်းများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ သင်္ကြန်ပိတ်ရက်ကာလအတွင်း မိသားစုများနှင့် အေးချမ်းပျော်ရွှင်စွာ အနားယူအပန်းဖြေပြီး နှစ်သစ်တွင် ကျန်းမာပျော်ရွှင်စွာဖြင့် နိုင်ငံ့အကျိုး၊ မိမိတို့ဝန်ကြီးဌာနအကျိုးအတွက် ဆက်လက်တာဝန် ထမ်းဆောင်နိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သသည်။



ဆက်လက်၍ ဒုတိယဝန်ကြီး ဦးညွန့်အောင်က နှစ်သစ်ဆုတောင်းစကားပြောကြားပြီး ဝန်ထမ်းများအား သပြေခက်နှင့် အတာရေပက်ဖျန်းကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး ဗီနေးကူးမားကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဧည့်ခန်းမ(၁)၌ လက်ခံတွေ့ဆုံ၍ နှစ်နိုင်ငံ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် နယ်စပ်ကုန်သွယ်မှု တိုးတက်ရေးအတွက် ဆောင်ရွက်နိုင်မည့် အစီအစဉ်များ၊ တမူး-မိုရေး နယ်စပ်ဂိတ်အမှတ်(၁) ဖွင့်လှစ်နိုင်ရေးနှင့် ကုန်သွယ်မှုတွင် ဒေသသုံးငွေကြေးဖြင့် ပေးချေနိုင်ရေးဆိုင်ရာကိစ္စ၊ ကမ်းရိုးတန်းသွားသင်္ဘောများ အသုံးပြု၍ Transit Trade ဆောင်ရွက်နိုင်မည့်အခြေအနေများ၊ အကောက်ခွန် နှုန်းထားသတ်မှတ်ရေးအပါအဝင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးကို လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်သည် ယနေ့မွန်းလွဲပိုင်းက မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး ဗီနေးကူးမားကို အဆိုပါဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။ (ဓာတ်ပုံ)

တွေ့ဆုံစဉ် အိန္ဒိယနိုင်ငံအစိုးရမှ မြန်မာနိုင်ငံတွင် လူထုအကျိုးပြုစီမံချက်များ ဆောင်ရွက်နေမှု၊ ရခိုင်ပြည်နယ်အတွက် ဝန်ကြီးဌာနနှင့် နားလည်မှု စာချွန်လွှာ လက်မှတ်ရေးထိုး၍ ဖွံ့ဖြိုးရေးစီမံကိန်းများ ဆောင်ရွက်နေမှု၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အဆင့်ကော်မတီနှင့် လုပ်ငန်းကော်မတီများ ဖွဲ့စည်းဆောင်ရွက်နေမှု၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုနယ်ပယ်တွင် အိန္ဒိယနိုင်ငံဘက်က နည်းပညာမျှဝေပေးနိုင်မှု၊ အာဆီယံက မြန်မာနိုင်ငံသို့ လူသားချင်း စာနာမှုအကူအညီ (Phase-2) ပေးအပ်ရန်အတွက် လက်ရှိညှိနှိုင်းနေသည့် ဖြစ်ပေါ်တိုးတက်မှု၊ အိန္ဒိယနိုင်ငံက မြန်မာနိုင်ငံသို့ လှူဒါန်းသော ဆန်နှင့် ဂျုံများ ဆိပ်ကမ်းမှ အမြန်ထုတ်ယူရေးနှင့် ဖြန့်ဝေရန်ကိစ္စများကို ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**



# သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မြန်မာ့ရိုးရာ အတာသင်္ကြန် ကျင်းပ

**နေပြည်တော် မေ ၈**

မြန်မာသက္ကရာဇ် ၁၃၈၃ ခုနှစ်မှ ၁၃၈၄ ခုနှစ်သို့ ကူးပြောင်းသည့် အချိန်အခါသမယကို ကြိုဆိုသောအားဖြင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ မြန်မာ့ရိုးရာအတာသင်္ကြန်ရေပက်ဖျန်းခြင်း၊ စတုဒိသာ ဧည့်ခံကျွေးမွေးခြင်း၊ သင်္ကြန်တေးသီချင်း အက၊ အလှများဖြင့် ဖျော်ဖြေခြင်း ပျော်ပွဲရွှင်ပွဲ အခမ်းအနားကို ယနေ့တွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးရုံးနှင့် ဦးစီးဌာနရုံးချုပ်များ၌ ကျင်းပသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဦးမင်းမင်းဦးက မြန်မာသက္ကရာဇ် ၁၃၈၃ ခုနှစ်မှ ၁၃၈၄ ခုနှစ်သို့ ကူးပြောင်းသည့် မြန်မာ့ရိုးရာအတာသင်္ကြန် အကြိုပွဲကို ပါဝင်ဆင်နွှဲကြသည့် အရာထမ်း၊ အမှုထမ်းများအားလုံး နှစ်သစ်တွင် ပျော်ရွှင်ကျန်းမာကြပါစေကြောင်း၊ စိတ်သစ်ကိုယ်သစ်ဖြင့် နိုင်ငံတာဝန်၊ မိသားစုတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်သူများ ဖြစ်ကြပါစေကြောင်း၊ ကပ်ရောဂါ ဘေးအန္တရာယ်အပေါင်းမှ ကင်းဝေးပြီး ချမ်းသာသုခနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သသည်။

ထို့နောက် ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနအကြီးအကဲများက စတုဒိသာဧည့်ခံကျွေးမွေးနေမှုများ၊ သင်္ကြန်တေးသီချင်းများဖြင့် တွဲဖက်၍ ယိမ်းအက အလှများဖြင့် ကပြဖျော်ဖြေတင်ဆက်နေမှုများကို ကြည့်ရှုအားပေးကြပြီး မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ အောင်သပြေခက်ဖြင့် အတာရေပက်ဖျန်းကာ ပျော်ရွှင်စွာ ဆင်နွှဲခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



❏ *ကျောဖုံးမှ*

မန္တလေး-ဘန်ကောက် ခရီးစဉ်ကိုလည်း ပြေးဆွဲရန် စီစဉ်ဆောင်ရွက်လျက်ရှိကာ ဒေလီ(အိန္ဒိယ)၊ ဒူဘိုင်းနှင့် ဂျပန်နိုင်ငံခရီးစဉ်များကိုလည်း တစ်ပတ်တစ်ကြိမ် ပြေးဆွဲရာမှ တစ်ပတ်သုံးကြိမ် တိုးမြှင့်ပြေးဆွဲရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

## ပြည်တွင်း လေဆိပ် ၁၈ ခု ပြေးဆွဲ

"MAI လေကြောင်းအနေနဲ့ နိုင်ငံတော်ရဲ့ သယ်ယူပို့ဆောင်ရေးသတ်မှတ်ချက်နဲ့အညီ ပူးပေါင်းပါဝင်ပံ့ပိုးခဲ့ပါတယ်။ ၁၉၉၃ ခုနှစ်ကစပြီး ယနေ့အထိ ၂၇ နှစ်တိုင် အောင်မြင်စွာ ဖြတ်သန်းခဲ့တာကြောင့် ရှေ့ဆက်ပြီး နိုင်ငံတော်ကချမှတ်တဲ့ သတ်မှတ်ချက်များနဲ့အညီ ကမ္ဘာ့ခရီးသွားလုပ်ငန်း မြန်မာနိုင်ငံမှာ ပြန်လည်အသက်ဝင်ပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍမှာ တစိုက်မတ်မတ် ဆောင်ရွက်သွားမှာပါ။ ပြည်တွင်းပြေးဆွဲမှုအနေနဲ့ ကလေးလေဆိပ်လည်းဖွင့်ပြီဆိုတော့ ပြေးဆွဲသွားမှာပါ။ ပြည်တွင်းလေဆိပ် ၁၈ ခုကို ပြေးဆွဲဖို့ရှိပါတယ်။ ကိုဗစ်ရောဂါကို နှစ်နှစ်ကျော်ခံစားခဲ့ရတဲ့အတွက် ကမ္ဘာ့ခရီးသွားလုပ်ငန်းကို ပြန်လည်လုပ်ဆောင်တဲ့အခါမှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတ်မှတ်ထားတဲ့ သတ်မှတ်စည်းကမ်းနဲ့အညီ ခရီးသွားတွေကို ဝန်ဆောင်မှုပေးသွားမှာပါ။ လေကြောင်းလိုင်းအနေနဲ့ နိုင်ငံတကာခရီးသွားများကို နွေးထွေးလှိုက်လှဲစွာ ကြိုဆိုလျက်ရှိပါတယ်"ဟု အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းလိုင်းမှ Chief Operating Officer ဦးကျော်စိုးလှက ပြောသည်။

မြန်မာနှစ်သစ်ကူးသင်္ကြန်ကာလ၌ MAI လေကြောင်းလိုင်းအနေဖြင့် သံတွဲ၊ စစ်တွေနှင့် ကျောက်ဖြူကိုပြေးဆွဲသွားမည်ဖြစ်ပြီး မန္တလေး၊ မြစ်ကြီးနား၊ ပူတာအို၊ ကျိုင်းတုံ၊ တာချီလိတ်၊ မြိတ်၊ ကော့သောင်း၊ နေပြည်တော်၊ လားရှိုး စသည့် လေဆိပ် ၁၈ ခုကို ပြေးဆွဲသွားမည်ဖြစ်သည်။

## ခရီးစဉ်များ တိုးချဲ့ပြေးဆွဲမည်

အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ဝင်ရောက်လာသော နိုင်ငံတကာခရီးသွားများအား ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော ကိုဗစ်-၁၉ ရောဂါ သတ်မှတ်စည်းကမ်းနှင့်အညီ စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပြီး နိုင်ငံတကာလေကြောင်းလိုင်း ဖွင့်လှစ်သည့် နေ့မှစ၍ MAI လေကြောင်းလိုင်းအနေဖြင့် ပြည်တွင်း၊ ပြည်ပခရီးစဉ်များကို ခရီးသွားများ အဆင်ပြေချောမွေ့စွာဖြင့် ပျော်ရွှင်ဖွယ်ခရီးစဉ်တစ်ခုအဖြစ် ဖြတ်သန်းနိုင်ရန် ဝန်ဆောင်မှုများပေး၍ ကိုလည်း တိုးချဲ့ပြေးဆွဲသွားမည် ဖြစ်ကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)**

**ဓာတ်ပုံ - ကနူး**

**အိမ်မြင်ပင်၌ ထွန်းသော မီးများကို နေ့အလင်းရောင် ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# တက္ကသိုလ်စာမေးပွဲများနှင့် တက္ကသိုလ်ဝင်စာမေးပွဲများဖြေဆိုနေမှု လှည့်လည်ကြည့်ရှု

**ရန်ကုန် မတ် ၈**

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဇော်မြင့်နှင့် အဆင့်မြင့်ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သန်းဇော်ဦးတို့သည် ဧပြီ ၄ ရက်မှ ဧပြီ ၇ ရက်အထိ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့ရှိ တက္ကသိုလ်များတွင် မဟာတန်း၊ မဟာအရည်အချင်း စစ်တန်းနှင့် ဂုဏ်ထူးတန်း တတိယနှစ် စာမေးပွဲဖြေဆိုနေမှုများကို လည်းကောင်း၊ အခြေခံပညာ ကျောင်းများတွင် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုနေမှုများကိုလည်းကောင်း လှည့်လည်ကြည့်ရှုအားပေးသည်။**(အပေါ်ယာပုံ)**



ထိုသို့ လှည့်လည်ကြည့်ရှုရာတွင် ဧပြီ ၄ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် လှေ့ကျင့်ရေး အထက်တန်းကျောင်း၊ ရန်ကင်းမြို့နယ် အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း၊ ဒဂုံတက္ကသိုလ်၊ ရန်ကုန်ပညာရေး တက္ကသိုလ်များကိုလည်းကောင်း၊ ဧပြီ ၅ ရက်တွင် ပဲခူးတိုင်းဒေသကြီး အင်းတကော်မြို့ အခြေခံပညာ အထက်တန်းကျောင်း၊ ပဲခူးမြို့ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ်(၅) အခြေခံပညာ အထက်တန်း ကျောင်း၊ ပဲခူးတက္ကသိုလ်နှင့် လှည်းကူးပညာရေး ဒီဂရီကောလိပ်များကို လည်းကောင်း၊ ဧပြီ ၆ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၊ ထားဝယ်ပညာရေးဒီဂရီ ကောလိပ်၊ ထားဝယ်တက္ကသိုလ် များကို လည်းကောင်း၊ ဧပြီ ၇ ရက်တွင် မြိတ်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၊ ကျွဲကူးတပ်နယ်အခြေခံပညာအထက်တန်း ကျောင်းနှင့် မြိတ်တက္ကသိုလ်များ ကိုလည်းကောင်း လှည့်လည် ကြည့်ရှုအားပေးကြောင်း သိရသည်။

**သတင်းစဉ်**

## ကျေးဇူးတင်လွှာ

၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို (၃၁-၃-၂၀၂၂) ရက်နေ့မှ (၉-၄-၂၀၂၂) ရက်နေ့အထိ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာစစ်ဌာနများ၌ အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့ရာ စာမေးပွဲမတိုင်မီနှင့် စာမေးပွဲကာလတစ်လျှောက်လုံး အဆင်ပြေချောမွေ့စွာ ပြီးမြောက်စေရန် စောင့်ရှောက်ကူညီပံ့ပိုးပေးခဲ့ကြသည့် ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီး/ ပြည်နယ် အသီးသီးမှ အစိုးရအဖွဲ့ဝန်ကြီးချုပ်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဆရာဝန်များ၊ သူနာပြုများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ပရဟိတအဖွဲ့သားများ၊ တက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် ဆရာ ဆရာမများ၊ အခြေခံပညာဦးစီးဌာနမှ ဆရာ ဆရာမများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ကျောင်းသား ကျောင်းသူများ၊ ကျောင်းသား မိဘများ၊ ရပ်မိရပ်ဖများနှင့် အခြား ကျေးဇူးတင်ထိုက်သူများအားလုံးကို ပညာရေးဝန်ကြီးဌာနမှ အထူးလှိုက်လှဲစွာ ဂုဏ်ပြုကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**ပညာရေးဝန်ကြီးဌာန**

# ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အဌမနေ့တွင် သမိုင်းဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၅၃၇၃၈ ဦးရှိ

**နေပြည်တော် ဧပြီ ၈**

၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အဌမနေ့ကို ယမန်နေ့နံနက်ပိုင်းတွင် ကျင်းပရာ တစ်နိုင်ငံလုံးအတိုင်းအတာ ဖြင့် သမိုင်းဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၅၃၇၃၈ ဦးရှိကြောင်း သိရသည်။

ယခုနှစ်တွင် နိုင်ငံခြားစာစစ်ဌာန ၂၀ နှင့် ပြည်တွင်း၌ စာစစ်ဌာန ၁၀၉၃ ခု စာစစ်ဌာန စုစုပေါင်း ၁၁၁၃ ခု ဖွင့်လှစ်ဖြေဆိုခဲ့ရာ သမိုင်းဘာသာရပ်စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေ စုစုပေါင်း ၆၀၄၉၀ ရှိပြီး စာမေးပွဲ အဌမနေ့ သမိုင်းဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၅၃၇၃၈ ဦးရှိကာ ဖြေဆိုသူ ရာခိုင်နှုန်း ၈၈ ဒသမ ၈၄ ရာခိုင်နှုန်းရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

**သတင်းစဉ်**

### အခြေခံပညာဦးစီးဌာန ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ခရိုင်/ မြို့နယ်/ စာစစ်ဌာနနှင့် ဖြေဆိုသူဦးရေစာရင်း

ဘာသာရပ် - သမိုင်း

ရက်စွဲ၊ ၈-၄-၂၀၂၂

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ခရိုင် | မြို့နယ် | စာစစ်ဌာန အရေအတွက် | စာရင်းသွင်းဦးရေ (စာရင်းရှိ) | | | ဖြေဆိုသူဦးရေ | | | ပျက်ကွက်သူဦးရေ | | | ဖြေဆို ရာနှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျောင်း | အလွတ် | ပေါင်း | ကျောင်း | အလွတ် | ပေါင်း | ကျောင်း | အလွတ် | ပေါင်း | | |
| ၁ | ကချင် | ၄ | ၁၈ | ၄၆ | ၂၂၂၇ | ၁၀၅၇ | ၃၁၈၄ | ၁၉၄၂ | ၈၁၄ | ၂၇၅၆ | ၁၈၅ | ၂၄၃ | ၄၂၈ | ၈၆.၅၆ % | |
| ၂ | ကယား | ၂ | ၄ | ၄ | ၁၆၄ | ၁၂၄ | ၂၈၈ | ၁၄၁ | ၆၈ | ၂၀၉ | ၂၃ | ၅၆ | ၇၉ | ၇၂.၅၇ % | |
| ၃ | ကရင် | ၂ | ၇ | ၂၆ | ၆၈၆ | ၁၈၅ | ၈၇၁ | ၆၂၁ | ၁၅၆ | ၇၇၇ | ၆၅ | ၂၉ | ၉၄ | ၈၉.၂၁ % | |
| ၄ | ချင်း | ၂ | ၅ | ၉ | ၆၂၉ | ၈၀၇ | ၁၄၃၆ | ၅၇၇ | ၅၅၄ | ၁၁၃၁ | ၅၂ | ၂၅၃ | ၃၀၅ | ၇၈.၇၆ % | |
| ၅ | စစ်ကိုင်း | ၈ | ၃၄ | ၇၀ | ၄၅၆၂ | ၁၈၈၁ | ၆၄၄၃ | ၄၀၃၃ | ၁၃၄၆ | ၅၃၇၉ | ၅၂၉ | ၅၃၅ | ၁၀၆၄ | ၈၃.၄၉ % | |
| ၆ | တနင်္သာရီ | ၃ | ၁၀ | ၂၀ | ၂၉၆ | ၁၃၀ | ၄၂၆ | ၂၇၉ | ၁၀၉ | ၃၈၈ | ၁၇ | ၂၁ | ၃၈ | ၉၁.၀၈ % | |
| ၇ | ပဲခူး(အရှေ့) | ၂ | ၁၄ | ၅၃ | ၁၃၇၀ | ၄၈၂ | ၁၈၅၂ | ၁၂၈၅ | ၃၄၈ | ၁၆၃၃ | ၈၅ | ၁၃၄ | ၂၁၉ | ၈၈.၁၇ % | |
| ၈ | ပဲခူး(အနောက်) | ၂ | ၁၄ | ၄၇ | ၁၃၈၄ | ၃၇၈ | ၁၇၆၂ | ၁၂၇၄ | ၂၈၄ | ၁၅၅၈ | ၁၁၀ | ၉၄ | ၂၀၄ | ၈၈.၄၂ % | |
| ၉ | မကွေး | ၅ | ၂၄ | ၆၉ | ၂၀၇၀ | ၁၀၂၀ | ၃၀၉၀ | ၁၉၃၀ | ၇၇၅ | ၂၇၀၅ | ၁၄၀ | ၂၄၅ | ၃၈၅ | ၈၇.၅၄ % | |
| ၁၀ | မန္တလေး | ၇ | ၂၈ | ၁၁၇ | ၁၈၄၂ | ၁၁၀၂ | ၂၉၄၄ | ၁၇၃၆ | ၈၉၆ | ၂၆၃၂ | ၁၀၆ | ၂၀၆ | ၃၁၂ | ၈၉.၄၀ % | |
| ၁၁ | မွန် | ၂ | ၁၀ | ၃၂ | ၇၁၉ | ၂၁၄ | ၉၃၃ | ၆၈၆ | ၁၇၉ | ၈၆၅ | ၃၃ | ၃၅ | ၆၈ | ၉၂.၇၁ % | |
| ၁၂ | ရခိုင် | ၅ | ၁၇ | ၁၀၆ | ၄၅၆၀ | ၃၉၂၅ | ၈၄၈၅ | ၄၃၇၅ | ၃၂၂၇ | ၇၆၀၂ | ၁၈၅ | ၆၉၈ | ၈၈၃ | ၈၉.၅၉ % | |
| ၁၃ | ရန်ကုန် | ၄ | ၄၄ | ၉၄ | ၁၉၀၉ | ၁၄၄၆ | ၃၃၅၅ | ၁၇၈၂ | ၁၁၃၅ | ၂၉၁၇ | ၁၂၇ | ၃၁၁ | ၄၃၈ | ၈၆.၉၄ % | |
| ၁၄ | ရှမ်း(တောင်) | ၃ | ၁၉ | ၆၉ | ၁၁၈၂ | ၅၃၈ | ၁၇၂၀ | ၁၁၂၄ | ၄၄၁ | ၁၅၆၅ | ၅၈ | ၉၇ | ၁၅၅ | ၉၀.၉၉ % | |
| ၁၅ | ရှမ်း(မြောက်) | ၆ | ၁၆ | ၂၃ | ၅၈၉ | ၃၇၆ | ၉၆၅ | ၅၂၀ | ၂၈၆ | ၈၀၆ | ၆၉ | ၉၀ | ၁၅၉ | ၈၃.၅၂ % | |
| ၁၆ | ရှမ်း(အရှေ့) | ၃ | ၁၀ | ၁၀ | ၁၁၉ | ၁၄၁ | ၂၆၀ | ၁၁၅ | ၁၂၃ | ၂၃၈ | ၄ | ၁၈ | ၂၂ | ၉၁.၅၄ % | |
| ၁၇ | ဧရာဝတီ | ၆ | ၂၆ | ၂၄၆ | ၁၅၈၆၄ | ၃၈၉၂ | ၁၉၇၅၆ | ၁၄၉၈၄ | ၃၀၆၉ | ၁၈၀၅၃ | ၈၈၀ | ၈၂၃ | ၁၇၀၃ | ၉၁.၃၈ % | |
| ၁၈ | နေပြည်တော် | ၂ | ၈ | ၅၂ | ၁၈၀၁ | ၉၁၃ | ၂၇၁၄ | ၁၇၃၅ | ၇၈၅ | ၂၅၂၀ | ၆၆ | ၁၂၈ | ၁၉၄ | ၉၂.၈၅ % | |
| ၁၉ | နိုင်ငံခြား | | | ၂၀ | | ၆ | ၆ | | ၄ | ၄ | ၀ | ၂ | ၂ | ၆၆.၆၇ % | |
| | ပြည်ထောင်စုချုပ် | ၆၈ | ၃၀၈ | ၁၁၁၃ | ၄၁၈၇၃ | ၁၈၆၁၇ | ၆၀၄၉၀ | ၃၉၁၃၉ | ၁၄၅၉၉ | ၅၃၇၃၈ | ၂၇၃၄ | ၄၀၁၈ | ၆၇၅၂ | ၈၈.၈၄ % | |

မှတ်ချက်။ ဘာသာတွဲ(၈)တွဲ ရှိသည့်အနက် ဘာသာတွဲ (၂၊ ၃၊ ၄၊ ၅) ရှိ ကျောင်းသားများ ဖြေဆိုကြပါသည်။ ဘာသာတွဲ (၁၊ ၆၊ ၇၊ ၈) ဖြေဆိုသည့် ကျောင်းသားများ ရပ်နားပါသည်။ စာမေးပွဲကျင်းပသည့် မြို့နယ်ဦးရေနှင့် စာစစ်ဌာနဦးရေသာ ဖော်ပြထားပါသည်။

# နယ်စပ်ဖြတ်ကျော် ကုန်စည်သယ်ယူပို့ဆောင်မှု အခြေခိုင်မာလာတဲ့ အရှေ့တောင်အာရှဒေသ

*တက္ကသိုလ်မောင်ရှုပ*

*ယမန်နေ့မှ အဆက်*


**ဂျပန်နိုင်ငံ၏ နည်းပညာ အကူအညီ**

အဖွဲ့ဝင် စုစုပေါင်း ၁၅ နိုင်ငံပါဝင်တဲ့ ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်မှုဘောင်သဘောတူညီချက် (Regional Comprehensive Economic Partnership–RCEP) ဟာ ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှာ စတင်အသက်ဝင်လာခဲ့ပါတယ်။ ဒီသဘောတူညီချက်မှာ အာဆီယံ အဖွဲ့ဝင် ၁၀ နိုင်ငံ၊ တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား၊ ဩစတြေးလျနဲ့ နယူးဇီလန်နိုင်ငံတို့ ပါဝင်ပါတယ်။ RCEP မူဘောင်သဘောတူညီချက်မှာ ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ရေး၊ ဉာဏ ပစ္စည်းမူပိုင်ခွင့်ကာကွယ်စောင့်ရှောက်ရေး၊ ကုန်ပစ္စည်းနဲ့ ဝန်ဆောင်မှုတွေအပေါ် အကောက်ခွန်နှုန်းထားတွေ လျှော့ချရေးနဲ့ ပယ်ဖျက်သွားရေးဆိုင်ရာ ပြဋ္ဌာန်းချက်တွေ ပါဝင်ပါတယ်။

အာဆီယံ အဖွဲ့ဝင်နိုင်ငံတွေအနက် စင်ကာပူနဲ့ ဗီယက်နမ်နိုင်ငံတို့ဟာ ပစိဖိတ်ဖြတ်ကျော် စီးပွားရေးမိတ်ဖက်သဘောတူညီချက် (Trans–Pacific Partnership) မှာလည်း ဂျပန်နိုင်ငံနဲ့အတူ ပါဝင်နေပါတယ်။ ဒီလိုစီးပွားရေးမိတ်ဖက်သဘောတူညီချက်တွေအရ ဒေသတွင်းမှာ ကုန်ထုတ်လုပ်မှုလုပ်ငန်းတွေ၊ စက်ရုံ၊ အလုပ်ရုံတွေ နေရာပြောင်းရွှေ့ခြင်း (relocation of factories) ဟာ မလွဲမသွေလိုက်ပါဖြစ်ပေါ်လာမှာ ဖြစ်ပါတယ်။

အရှေ့တောင်အာရှဒေသမှာ ဆိုရင်လည်း e–commerce စီးပွားရေးလုပ်ငန်း ပမာဏဟာ လျင်မြန်စွာ ကြီးမားကျယ်ပြန့်လာတာနဲ့အမျှ ကုန်စည်ဖြန့်ဖြူးမှု သယ်ယူပို့ဆောင်ရေးလုပ်ငန်းလိုအပ်ချက်တွေဟာလည်း မြင့်မားလာမှာ ဖြစ်ပါတယ်။ ဒီလိုအခြေအနေမျိုးမှာ ဒေသတွင်းမှာရှိတဲ့ ကုန်စည်ဖြန့်ဖြူးမှုလုပ်ငန်းတွေဟာ ဂျပန်နိုင်ငံရဲ့ အရည်အသွေးမြင့်မားတဲ့ သယ်ယူပို့ဆောင်မှု စနစ်တွေကို စတင်အသုံးပြုလာခဲ့ကြပါတယ်။ ထင်ရှားတဲ့ဥပမာတစ်ခုကတော့ ကုန်ပစ္စည်းတွေကို သယ်ယူပို့ဆောင်မှုလုပ်ငန်းစဉ် တစ်ရပ်လုံးမှာ ကုန်ပစ္စည်းတွေကို အအေးခံသယ်ယူပို့ဆောင်တဲ့ cold chain logistics လုပ်ငန်းစဉ်ဖြစ်ပါတယ်။

လတ်ဆတ်တဲ့ စားသောက်ကုန်ပစ္စည်းတွေ၊ ဆေးဝါးတွေကို သယ်ယူပို့ဆောင်တဲ့ အခါမှာ လမ်းကြောင်းပြောင်းလဲသယ်ဆောင်မှုအဆင့်တွေမှာအပါအဝင် သယ်ယူပို့ဆောင်မှု ကွန်ရက်အဆင့်တိုင်းမှာ ကုန်ပစ္စည်းတွေကို အပူချိန်လျှော့ချပြီး




အင်ဒိုချိုင်းနားဒေသတွင်း ကုန်စည်ဖြန့်ဖြူးမှုကွန်ရက်

> " မီးရထားလမ်းကြောင်းကတစ်ဆင့် နယ်စပ်ဖြတ်ကျော် ကုန်စည်ပို့ဆောင်မှုနဲ့ ခရီးသည်တွေပို့ဆောင်နိုင်မှုဟာ ကြိုတင်ညှိနှိုင်းမှုတွေကတစ်ဆင့် အခက်အခဲတွေ လျော့ပါးစေမှာဖြစ်လို့ ထိရောက်တဲ့ သယ်ယူပို့ဆောင်မှုတစ်ရပ် ဖြစ်လာ"

အအေးခံသယ်ဆောင်ဖို့ လိုအပ်ပါတယ်။ အရှေ့တောင်အာရှဒေသမှာ ကုန်ပစ္စည်းတွေကို သယ်ယူပို့ဆောင်မှုလုပ်ငန်းစဉ် အများစုမှာ အအေးခံသယ်ယူပို့ဆောင်မှုလုပ်ငန်းစဉ် အားနည်းခဲ့ပါတယ်။ ဒါကြောင့် ဂျပန်နိုင်ငံဟာ ဒေသတွင်းမှာ ကုန်စည်ပို့ဆောင်ရေး နည်းပညာအဆင့်မြင့်လာစေဖို့ လိုအပ်တဲ့ လေ့ကျင့်သင်ကြားမှုများ ပြုလုပ်ပေးခြင်းနဲ့ လုပ်ငန်းလမ်းညွှန် (Guidelines) တွေကို ရေးဆွဲပေးခဲ့ပါတယ်။ ဒါကြောင့် အခုဆိုရင်ဒေသတွင်းမှာ




*Source: UNCTAD (2020). Global Trade Update. June (https://unctad.org/en/pages/newsdetails.aspx?OriginalVersionID=2392).*

ကိုဗစ်-၁၉ ကြောင့် ကမ္ဘာလုံးဆိုင်ရာ ကုန်စည်ပို့ဆောင်မှု လျော့ကျခဲ့သည့် အနေအထားပြဂရပ်

ရှိတဲ့ ကုန်စည်ပို့ဆောင်ရေးကုမ္ပဏီတွေရဲ့ ဆွဲဆောင်မှုရှိလာတဲ့အချက်က အရည်အသွေးမြင့် သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု ပေးအပ်လာနိုင်ခြင်းပဲ ဖြစ်ပါတယ်။

ဂျပန်နိုင်ငံက Konoike Transport Co. ကုမ္ပဏီဟာ ဒေသခံကုမ္ပဏီတွေ ဒါမှမဟုတ် ဂျပန်ကုမ္ပဏီတွေ ထုတ်လုပ်တဲ့ ရေခဲမုန့်တွေ၊ ပြုပြင်ပြီး အစားအသောက်ကုန်ပစ္စည်းတွေကို အအေးခံ သယ်ယူပို့ဆောင်တဲ့ဝန်ဆောင်မှုကို ထိုင်းနိုင်ငံနဲ့ ဗီယက်နမ်နိုင်ငံမှာ ပေးအပ်လျက်ရှိပါတယ်။ Konoike Co. ဟာ သူ့ရဲ့ပြိုင်ဘက်ကုမ္ပဏီတွေထက် ပိုပြီး အားသာတဲ့အချက်အဖြစ် ဆေးနဲ့ ဆေးပစ္စည်းတွေကို သယ်ယူပို့ဆောင်ဖို့လိုအပ်တဲ့ အဆင့်မြင့်နည်းစနစ်တွေကိုလည်း ရယူပိုင်ဆိုင်ထားရှိပါတယ်။

အလားတူပဲ ဒေသတွင်း ရထားလမ်းကြောင်းကနေ ကုန်ပစ္စည်းသယ်ယူပို့ဆောင်မှုမှာလည်း ဂျပန်နိုင်ငံရဲ့ နည်းပညာလိုအပ်ချက်တွေဟာ ပိုမိုမြင့်မားလာနေပါတယ်။ ၂၀၂၁ ခုနှစ် စက်တင်ဘာလအတွင်းက Japan Freight Railway Co. ဟာ သူ့ရဲ့ပထမဆုံး ပြည်ပရုံးခွဲကို ထိုင်းနိုင်ငံ ဘန်ကောက်မြို့မှာ စတင်ဖွင့်လှစ်ခဲ့ပါတယ်။ အထူးသဖြင့် လူနဲ့ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်မယ့်အန္တရာယ်ရှိတဲ့ ကုန်ပစ္စည်းတွေ (hazardous materials)ကို သယ်ယူပို့ဆောင်တဲ့အခါမှာ နည်းပညာ လိုအပ်ချက်တွေကို ထောက်ပံ့ပေးသွားဖို့လည်း Japan Freight Railway Co. က မျှော်မှန်းထားပါတယ်။ ဒီလုပ်ငန်းစဉ်တွေ စတင်ဆောင်ရွက်သွားနိုင်ဖို့အတွက်လည်း မြေပြင်ကွင်းဆင်းစစ်တမ်းကောက်ယူမှုတွေ စတင်ပြုလုပ်သွားဖို့ ရှိနေပါတယ်။

**သုံးသပ်ချက်**

၂၀၂၀ ပြည့်နှစ် နှစ်စပိုင်းလောက်ကစပြီး ကိုဗစ်-၁၉ ကူးစက်ရောဂါတွေ ကမ္ဘာအနှံ့ ပြန့်ပွားလာပြီးနောက်ပိုင်းမှာ နိုင်ငံတကာကုန်စည်စီးဆင်းမှုအပေါ် အရှိန်အဟုန်အရှေ့၊ ကုန်စည်ပမာဏမှာရော အကြီးအကျယ် သက်ရောက်မှုရှိစေခဲ့ပြီး နိုင်ငံတကာ ကုန်စည်ဖြန့်ဖြူးရေး ကွန်ရက်ကိုလည်း ထိခိုက်လာစေခဲ့ပါတယ်။ ကုလသမဂ္ဂ ကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ကွန်ဖရင့် (United Nations Conference on Trade and Development–UNCTAD) ရဲ့ ခန့်မှန်းချက်အရ ကမ္ဘာလုံးဆိုင်ရာ ကုန်စည်ဖြန့်ဖြူးမှုဟာ ၂၀၂၀ ပြည့်နှစ်အတွင်း ၂၇ ရာခိုင်နှုန်း လျော့ကျခဲ့ပါတယ်။ ကိုဗစ်-၁၉ ကြောင့် ကမ္ဘာလုံးဆိုင်ရာ ကုန်စည်ပို့ဆောင်မှု လျော့ကျခဲ့ရတဲ့ ပမာဏဟာ ၂၀၀၈-၂၀၀၉ ခုနှစ်တုန်းက ဖြစ်ပွားခဲ့တဲ့ ကမ္ဘာလုံးဆိုင်ရာ ငွေကြေးအကျပ်အတည်း (Global financial crisis) ကြောင့် ကမ္ဘာလုံးဆိုင်ရာ ကုန်စည်ပို့ဆောင်မှုလျော့ကျခဲ့တဲ့ ပမာဏထက် ပိုမိုများပြားတာကို တွေ့မြင်နိုင်ပါတယ်။

ပင်လယ်ရေလမ်းကြောင်းကနေ ကုန်စည်သယ်ယူပို့ဆောင်မှုတွေဟာ ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့ပို့ဆောင်ရေးကွင်းဆက် (Global supply chain) အတွက် ပင်မထောက်တိုင်တစ်ရပ် ဖြစ်ပါတယ်။ ပင်လယ်ရေလမ်းကြောင်းကနေ ကုန်စည်သယ်ယူပို့ဆောင်မှုတွေဟာ ကမ္ဘာလုံးဆိုင်ရာ ကုန်စည်ကုန်သွယ်မှုပမာဏရဲ့ ၈၀ ရာခိုင်နှုန်းနဲ့ ကုန်စည်ကုန်သွယ်မှုတန်ဖိုးစုစုပေါင်းရဲ့ ၇၀ ရာခိုင်နှုန်းရှိတာကို ကြည့်ခြင်းဖြင့် တွေ့မြင်နိုင်ပါတယ်။ ကုန်စည်ပို့ဆောင်မှုကွန်ရက်နဲ့ ထောက်ပံ့ပို့ဆောင်မှုကွင်းဆက်တွေမှာ အတားအဆီးတွေ (disruptions) ရှိလာခဲ့ပြီဆိုရင် ဒီကွန်ရက်တစ်လျှောက်မှာ ရိုက်ခတ်မှုတွေ ဆင့်ကဲဆင့်ကဲဖြစ်ပေါ်လာပြီး ကမ္ဘာ့ကုန်သွယ်မှုနဲ့ စီးပွားရေး လုပ်ငန်းဆောင်တာတွေကို အကြီးအကျယ် ဆိုးကျိုးသက်ရောက်စေမှာဖြစ်ပါတယ်။

ကိုဗစ်-၁၉ ကူးစက်ရောဂါ ပြန့်ပွားမှုတွေ၊ ၂၀၂၀ ပြည့်နှစ် ဩဂုတ်လ ၄ ရက်နေ့မှာ လက်ဘနွန်နိုင်ငံ ဘေရွတ်ဆိပ်ကမ်းမှာ အကြီးအကျယ်ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး လူပေါင်း ၂၀၀ ကျော် သေဆုံးကာ သင်္ဘော ၁၃ စင်း ပျက်စီးဆုံးရှုံးပြီး ဒေါ်လာ ၁၅ ဘီလီယံခန့် ဆုံးရှုံးခဲ့ရတဲ့ဖြစ်စဉ်၊ ၂၀၂၁ ခုနှစ် မတ်လ ၂၃ ရက်နေ့က Evergreen ကုမ္ပဏီပိုင် Ever Given ကုန်သေတ္တာတင် သင်္ဘောကြီး အီဂျစ်နိုင်ငံ စူးအက်တူးမြောင်းအတွင်းမှာ ခြောက်ရက်တိုင်တိုင် ကန့်လန့်ဖြတ်ကြီးပိတ်မိနေလို့ ကုန်သေတ္တာတင် သင်္ဘောတွေ ရာနဲ့ချီပြီး ပိတ်ဆို့နေခဲ့တဲ့ဖြစ်စဉ်တွေကို ပြန်ကြည့်ရင် ပင်လယ်ရေလမ်းကြောင်းကနေ ကုန်စည်သယ်ယူပို့ဆောင်မှုတွေမှာ ကြုံတွေ့နေရတဲ့ အခက်အခဲတွေကို တွေ့မြင်နိုင်ပါတယ်။

ဒါကြောင့် နိုင်ငံတကာ ကုန်စည်ပို့ဆောင်သူတွေဟာ နယ်စပ်ဖြတ်ကျော် ကုန်စည်သယ်ဆောင်မှုတွေကိုလည်း

*စာမျက်နှာ ၁၉ သို့*

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၉-၄-၂၀၂၂ စနေနေ့

**MRTV HD**

**၀၆:၀၀** ပေဋ္ဌာသုတ်၊ ရတနသုတ်၊ မေတ္တသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** နဝင်္ဂဥပေါ်သထသီလ
**၀၉:၃၀** ဒါသကြိန်အဆိုအကများ
**၁၀:၀၀** သတင်းထဲကသတင်း
**၁၀:၃၀** လူငယ်မျိုးဆက်သစ်အစီအစဉ်
**၁၁:၀၀** ဒါသကြိန်အဆိုအကများ
**၁၁:၄၀** တိုင်းရင်းသားရိုးရာအစားအစာ ချက်ပြုတ်နည်းများ
**၁၂:၃၀** 'ပေဋ္ဌာလွှမ်းခြုံဘေးရန်လုံ' တရားတော်
**၁၃:၃၀** MRTV National News
**၁၅:၂၅** မြူးကြွတေးသံ NRC သင်္ကြန် (၂)
**၁၆:၃၅** ပုံပြင်ကမ္ဘာအစီအစဉ် 'စိတ်ဆွေဟူသည်'
**၁၆:၅၀** ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
**၁၇:၂၅** Road to 31st ASEAN SEA Games Vietnam (Interview)
**၁၇:၃၅** ဒါသကြိန်အဆိုအကများ
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၅** သုတဝေဖြာသီရိဂေဟာ
**၁၉:၁၅** နိုင်ငံခြားဇာတ်လမ်းတွဲ 'အမှန်တရားရဲ့လှို့ဝှက်ချက်' (အပိုင်း-၇၈)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** ဒါသကြိန်အဆိုကများ
**၂၁:၂၀** 'ပျော်ကြရွှင်ကြအငြိမ့်'

**mitv**

**07:01** Myanmar Shu Khin Myanmar Sate Yinn (Seint Nay Chi)
**07:08** Weekly Review
**07:24** The Lives of Stone Slab and Mortar Makers
**07:42** Water Festival Bagan Era
**07:46** Myanmar Family Life
**08:01** Quiz Time
**09:01** News
**09:26** Global Partnership for Brighter Future: South Korea Pavilion at Expo 2020 Dubai
**09:35** Mt. Naw Bu Baw
**09:44** Thingyan Songs & Dances
**10:01** Mekong-Lancang Cooperation: Puppet Festival of Lancang-Mekong - Royal Boy Dance

**MRTV NRC**

**အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ကျန်းမာအောင်အသက်ရှင်နေထိုင်ခြင်း
**အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
တလာခူးရှာသို့အလည်သွားကြရအောင်
**ချင်း (လိုင်းဇိုး) (၀၈:၀၀ မှ ၀၉:၀၀)**
သဘာဝမြေဩဇာပြုလုပ်နည်း
**ချင်း (ချိုး) (၀၉:၀၀ မှ ၁၀:၀၀)**
ပဲရင်းထောင်းနဲ့နွားနောက်သားခြောက်
**မွန် (၁၀:၀၀ မှ ၁၂:၀၀)**
ဂဝံယဉ်ကျေးမှု
**ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)**
ရိုးရာမပျက်ဆင်ယင်နွှဲရခိုင်တို့၏သင်္ကြန်ပွဲ
**ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)**
ရှမ်းဘာသာစကားပြောကြရအောင် (အပိုင်း-၁)
**ဝ (၁၆:၀၀ မှ ၁၈:၀၀)**
မာလာငါးပေါင်းပြုလုပ်နည်း
**ကချင် (၁၈:၀၀ မှ ၂၀:၀၀)**
ကချင်ခေါင်ရည် (စပီ) ပြုလုပ်ပုံ
**ကယား (၂၀:၀၀ မှ ၂၂:၀၀)**
ပျားမွေးမြူရေး
**ဝကောကရင် (၂၂:၀၀ မှ ၂၃:၀၀)**
ပဲခူးမြို့ဟသ်ာကုန်းစေတီသို့အလည်တစ်ခေါက်

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၈:၄၅** လူငယ်တို့အတွက်လမ်းပြကြယ်
**၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၃:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၄:၀၀** MRTV National News
**၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၇:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၉:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၁:၀၀** ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'လောဘနှင့်ဒေါသ'
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၁)
**၁၁:၀၀** PR SYSTEM ရှင်းလင်းပွဲ
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၁)

**MRTV FARMERS'**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
**၀၆:၂၅** သာယာပျော်ရွှင်ညောင်နှစ်ပင်
**၀၇:၀၀** ဆေးပက်ဝင်ဟင်းသီးဟင်းရွက်နှင့်ကျန်းမာရေး
**၀၇:၁၀** ညောင်ဦးဒေသမှအိမ်မြန်လက်ဆောင်
**၀၇:၅၀** နှင်းဆီဝါ
**၀၈:၀၀** ဆွေးနွေးကြမယ်စိုက်ပျိုးမွေးမြူနည်းအသွယ်သွယ်
**၀၈:၁၀** ရေကိုချွေတာသုံးစွဲခြင်းနည်းပညာ
**၀၉:၅၀** ပိုးသတ်ဆေးပညာပေး

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို စနေ၊ တနင်္ဂနွေမှအပ နံနက် (၁၀:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME
www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

*စာမျက်နှာ ၁၈ မှ*

ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့ပို့ဆောင်ရေးကွင်းဆက်အတွက် ထည့်သွင်းစဉ်းစားလာခဲ့ကြပါတယ်။ နယ်စပ်ဖြတ်ကျော် ကုန်စည်သယ်ဆောင်မှုတွေမှာလည်း သူ့အခက်အခဲနဲ့သူရှိနေတာ ဖြစ်ပါတယ်။ နယ်စပ်ဒေသ ကုန်ပစ္စည်းစစ်ဆေးရေးဂိတ်မှာ သယ်ယူပို့ဆောင်ရတဲ့ လမ်းအနေအထားမကောင်းတာတွေ၊ ကုန်တင်ကားတွေ အချိန်အကြာကြီး စောင့်ဆိုင်းရတတ်တာမျိုးတွေ၊ ယာဉ်မောင်းနှင်သူတွေအတွက် ပြည်ဝင်ခွင့်ခက်ခဲနိုင်မှုတွေ၊ အထူးသဖြင့် ကိုဗစ်-၁၉ ကာလမှာ ယာဉ်မောင်းနှင်သူတွေ ကွာရန်တင်းဝင်ရတာမျိုးတွေကလည်း နယ်စပ်ဖြတ်ကျော် ကုန်စည်ပို့ဆောင်မှုတွေကို အဟန့်အတားဖြစ်စေနိုင်တဲ့ အချက်တွေဖြစ်ပါတယ်။

သို့သော် ယခုခေတ်ကာလလို နှစ်နိုင်ငံချင်းအကြား သို့မဟုတ် ဒေသတွင်းမှာ လွတ်လပ်စွာ ကုန်သွယ်ရေးသဘောတူညီချက်လို ဖြေလျှော့မှုတွေရှိလာခြင်းဟာ အထက်မှာဖော်ပြခဲ့တဲ့ အခက်အခဲတွေကို လွယ်ကူရှင်းလင်းလာစေမှာ ဖြစ်ပါတယ်။ အထူးသဖြင့် မီးရထားလမ်းကြောင်းကတစ်ဆင့် နယ်စပ်ဖြတ်ကျော် ကုန်စည်ပို့ဆောင်မှုနဲ့ ခရီးသည်တွေပို့ဆောင်နိုင်မှုဟာ ကြိုတင်ညှိနှိုင်းမှုတွေကတစ်ဆင့် အခက်အခဲတွေ လျော့ပါးစေမှာဖြစ်လို့ ထိရောက်တဲ့ သယ်ယူပို့ဆောင်မှုတစ်ရပ် ဖြစ်လာပါတယ်။

အရှေ့တောင်အာရှဒေသ နိုင်ငံအများစုဟာ ပင်လယ်ရေလမ်းကြောင်းကို အဓိကအားပြုပြီး ကုန်သွယ်မှုတွေ ပြုလုပ်နေကြသော်လည်းပဲ နယ်စပ်ဒေသတွေကနေ ကုန်စည်သယ်ယူပို့ဆောင်မှုဟာ ထိရောက်မှုရှိကာ အချိန်ကုန်သက်သာတဲ့ လမ်းကြောင်းတစ်ခုဖြစ်တယ်ဆိုတာ သိမြင်လာပြီး ကုန်းလမ်းခရီးကနေ နယ်စပ်ဖြတ်ကျော် ကုန်စည်သယ်ယူပို့ဆောင်မှုတွေကိုလည်း အလေးထားလာခဲ့ကြပါတယ်။ ဒေသတွင်းမှာ ဂျပန်နိုင်ငံရဲ့ အကူအညီအထောက်အပံ့နဲ့ စီးပွားရေးစင်္ကြံတွေ တိုးတက်ကောင်းမွန်လာစေရန်ပံ့ပိုးမှု၊ တရုတ်နိုင်ငံရဲ့ ရပ်ဝန်းနဲ့ပိုးလမ်းမ အစီအစဉ်အောက်ကနေ နယ်စပ်ဖြတ်ကျော် ရထားလမ်းတွေ တိုးချဲ့တည်ဆောက်လာမှုတွေကြောင့် အခုဆိုရင် ကူမင်း-ဗီယင်ကျန်း ရထားလမ်းဟာ နောက်ဆုံးဖွင့်လှစ်နိုင်ခဲ့တဲ့ နယ်စပ်ဖြတ်ကျော် လူနဲ့ကုန်စည်သယ်ယူပို့ဆောင်ရေး ကွန်ရက်တစ်ခု ဖြစ်လာခဲ့ပါတယ်။

လာအိုနိုင်ငံဟာ ကုန်းတွင်းပိတ်နိုင်ငံ (Land-locked country) ကနေ ကုန်းမြေချင်း ချိတ်ဆက်ပေးတဲ့နိုင်ငံ (Land-linked country) အဖြစ် ရည်မှန်းချက်ထား ဆောင်ရွက်နေတာဖြစ်တဲ့အတွက် ကူမင်း-ဗီယင်ကျန်းရထားလမ်းဟာ ကုန်စည်ပို့ဆောင်မှုတွေကိုသာမက နောင်မှာ တရုတ်နိုင်ငံက ကမ္ဘာလှည့်ခရီးသွားတွေ အရှေ့တောင်အာရှဒေသကို လွယ်လွယ်ကူကူနဲ့ ငွေကြေးကုန်ကျမှုသက်သာစွာနဲ့ ပို့ဆောင်ပေးနိုင်မယ့် လမ်းကြောင်းတစ်ခုလည်း ဖြစ်လာနိုင်သလို အရှေ့တောင်အာရှဒေသတွင်းမှာ ကုန်စည်သယ်ယူပို့ဆောင်ရေးဆိုင်ရာ ကျယ်ပြန့်တဲ့ ကွန်ရက်တစ်ခု ဖြစ်လာနိုင်ပါကြောင်း တင်ပြလိုက်ရပါတယ်။


**ရည်ညွှန်း**

- **Cross-border ground shipping takes root in Southeast Asia by Hidetaka Yamamura (The Japan News 8 March 2022)**
- **Thailand looks to China-Laos Railways by Yang Han (The China Daily 20 January 2022)**
- **COVID-19 and Maritime Transport-Impacts and Responses (UNCTAD 2021)**
- **How the Suez canal blockade unfolded across supply chains by Matt Leonard (Supply Chain Dive 6 July 2021)**


## ယနေ့ဈေးကွက်ပေါက်ဈေးများ

၈-၄-၂၀၂၂

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၂၀၅၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၂၉၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၂၀၄၈၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၂၇၅၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၉၄၀/၁၉၅၀ ကျပ် | ၁၉၇၀/၁၉၇၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၉၆၅/၁၉၇၀ ကျပ် | ၁၉၉၅/၂၀၀၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၇၂၅/၁၇၃၀ ကျပ် | ၁၇၇၅/၁၇၈၀ ကျပ် |
| အောက်တိန်း ၉၅ | ၁၇၉၀/၁၈၁၅ ကျပ် | ၁၉၀၀/၁၉၀၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၈၅၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၁၁ . ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၅၇ . ၃ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၅ . ၀၀၂ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၉၀ . ၇ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၃၈ . ၂၃ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၉၀ . ၇၃ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၄ . ၃၇၁ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇၈၀၀ | ၈၀၀၀ | ၃၁၇ | ၂၄၉၁၀၀၀ |
| MTSH | ၂၇၀၀ | ၂၇၀၀ | ၁၅၇၄ | ၄၂၀၀၇၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၈၅၀၀ | ၁၈၅၀၀ | ၃ | ၅၅၅၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၂၆၅၀ | ၂၆၅၀ | ၆ | ၁၅၉၀၀ |
| AHP | ၅၀၀၀ | ၅၀၀၀ | ၂ | ၁၀၀၀၀ |

ညီညီ - စုစည်းသည်


**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ချူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး၊ ဇော်ဝိုင်းအောင်
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE www.mdn.gov.mm

## ထုတ်ဝေခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ် ရုပ်သိမ်းကြောင်း အသိပေးကြေညာခြင်း

ပြန်ကြားရေးဝန်ကြီးဌာနသည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသူများကို စိစစ်ခွင့်ပြုပေးလျက်ရှိပါသည်။ ထုတ်ဝေခြင်းလုပ်ငန်းအသိအမှတ်ပြုလက်မှတ်ရယူထားသူ ဦးလှတိုး(ရန်အောင်စာပေတိုက်) သည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(က)ပါ စည်းကမ်းချက်ကို လိုက်နာခြင်းမရှိဘဲ ယခင် ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာနက ၃၀-၁၀-၁၉၈၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂/၈၁)ဖြင့် "ရှင်ဥက္ကဋ္ဌ၏ လူသေလူဖြစ်ဝါဒကို ရိုက်နှိပ်ဖြန့်ချိခြင်း၊ ကူးယူ ဖြန့်ချိခြင်းမပြုရန်" တားမြစ်ပိတ်ပင်ထားပြီးဖြစ်သည့်စာအုပ်ကို ထုတ်ဝေဆောင်ရွက်ခဲ့သည့်အတွက် ၎င်းအား ထုတ်ပေးထားသည့် ထုတ်ဝေခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ်ကို ၂၀၂၂ ခုနှစ်၊ ဧပြီလ (၇)ရက်နေ့မှစ၍ ရုပ်သိမ်းလိုက်ကြောင်း နှင့် ၎င်းစာပေတိုက်အနေဖြင့် မီဒီယာအမျိုးအစားတစ်ခုခုကို အသုံးပြု၍ဖြစ်စေ၊ နည်းပညာတစ်ရပ်ရပ်ကို အသုံးပြု၍ဖြစ်စေ ရေးသားထုတ်ဝေ ဆောင်ရွက်ခြင်းမပြုရန် အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## ပုံနှိပ်ခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ် ရုပ်သိမ်းကြောင်း အသိပေးကြေညာခြင်း

ပြန်ကြားရေးဝန်ကြီးဌာနသည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသူများကို စိစစ်ခွင့်ပြုပေးလျက်ရှိပါသည်။ ပုံနှိပ်ခြင်းလုပ်ငန်းအသိအမှတ်ပြုလက်မှတ်ရယူထားသူ ဒေါ်ကြည်ပြာသွယ် (ဝင်းတိုးအောင်ပုံနှိပ်တိုက်) သည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(က)ပါ စည်းကမ်းချက်ကို လိုက်နာခြင်းမရှိဘဲ ယခင် ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာနက ၃၀-၁၀-၁၉၈၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂/၈၁)ဖြင့် "ရှင်ဥက္ကဋ္ဌ၏ လူသေလူဖြစ်ဝါဒကို ရိုက်နှိပ်ဖြန့်ချိခြင်း၊ ကူးယူဖြန့်ချိခြင်းမပြုရန်" တားမြစ်ပိတ်ပင်ထားပြီးဖြစ်သည့်စာအုပ်ကို ပုံနှိပ်ဆောင်ရွက်ခဲ့သည့်အတွက် ၎င်းအား ထုတ်ပေးထားသည့် ပုံနှိပ်ခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ်ကို ၂၀၂၂ ခုနှစ်၊ ဧပြီလ (၇)ရက်နေ့မှစ၍ ရုပ်သိမ်းလိုက်ကြောင်းနှင့် ၎င်းပုံနှိပ်တိုက်အနေဖြင့် မီဒီယာအမျိုးအစားတစ်ခုခုကို အသုံးပြု၍ဖြစ်စေ၊ နည်းပညာတစ်ရပ်ရပ်ကို အသုံးပြု၍ဖြစ်စေ မည်သည့်ထုတ်ဝေစာကိုမျှ ပုံနှိပ်ဆောင်ရွက်ခြင်းမပြုရန် အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## ပုံနှိပ်ခြင်းလုပ်ငန်း၊ ထုတ်ဝေခြင်းလုပ်ငန်းနှင့် သတင်းအေဂျင်စီလုပ်ငန်းလုပ်ကိုင်သူများ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် အသစ်လဲလှယ်ရန် အသိပေးကြေညာခြင်း

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေ ထွက်ရှိသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း အသိအမှတ်ပြုလက်မှတ်များအား ၅ နှစ်သက်တမ်း ခွင့်ပြုပေးခဲ့ပါသည်။

အသိအမှတ်ပြုလက်မှတ် သက်တမ်းကုန်ဆုံးပါက နည်းဥပဒေ ၂၀ အရ သက်တမ်းကုန်ဆုံးသည့် ရက်မှစ၍ ရက်ပေါင်း ၆၀ အတွင်း သတ်မှတ်ပုံစံနှင့်အတူ အခကြေးငွေ ကျပ်တစ်သောင်း ပေးသွင်း၍ ပြန်ကြားရေးဝန်ကြီးဌာနသို့ အသိအမှတ်ပြုလက်မှတ် အသစ်လဲလှယ်ရန် လာရောက်ဆောင်ရွက်ရမည် ဖြစ်ပါသည်။

သက်တမ်းကုန်လွန်သော အသိအမှတ်ပြုလက်မှတ်များဖြင့် လုပ်ငန်းဆက်လက်လုပ်ကိုင်ခွင့် မရှိကြောင်းနှင့် သက်တမ်းကုန်ဆုံးပြီး လုပ်ငန်းဆက်လက်လုပ်ကိုင်ပါက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်း လုပ်ငန်း ဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း ၀၁-၅၄၁၄၁၃၊ ၀၁-၅၄၄၅၈၂၊ ၀၁-၅၄၄၅၈၃၊ iprd.crd.ygn@gmail.com သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဧပြီ ၈**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော် ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရွန်နစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် အမှတ်(၆)ရပ်ကွက်နေ ပြည့်ဖြိုးဇော်သည် ၎င်းအသုံးပြုသည့် "Pyai Phyo Zaw" Face book အကောင့်၊ ချင်းပြည်နယ် မင်းတပ်မြို့နယ် ဘဝသစ်ရပ်ကွက်နေ ကီးဟာရှိန်းသည် ၎င်းအသုံးပြုသည့် "ကီးဟာရှိန်း" Facebook အကောင့်နှင့် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် သပြေကုန်းရပ်ကွက်နေ ခင်နန်းမြတ်သူ (ခ) နန်းနန်းအိသည် ၎င်းအသုံးပြုသည့် "Khin Nyann Myat Thu" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ထားကြောင်း သိရသည်။

**သတင်းစဉ်**

## ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စာအုပ်စာစောင်များပေးအပ်ရန် အသိပေးကြေညာခြင်း

၂၀၁၄ ခုနှစ် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေများအရ ပုံနှိပ်သူ၊ ထုတ်ဝေသူများသည် မိမိတို့ထုတ်ဝေသည့် စာအုပ်စာစောင် ၆ အုပ် သို့မဟုတ် ၆ စောင်ကို ပြန်ကြားရေးဝန်ကြီးဌာနသို့ အဖိုးအခလွတ် ပေးအပ်ရမည်ဖြစ်ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာနသည် အဆိုပါစာအုပ်စာစောင်များကို အမျိုးသားစာကြည့်တိုက်၊ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနနှင့် အမျိုးသားစာပေဆုရွေးချယ်ရေးကော်မတီများသို့ ခွဲဝေပေးပို့လျက်ရှိပါသည်။ ထို့အပြင် ပေးပို့လာသော ထုတ်ဝေစာများကို ပြက္ခဒိန်နှစ်အလိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း ထုတ်ဝေသော စာအုပ်စာတမ်းများစာရင်းတွင်လည်း ရေးသွင်းထားပြီး နှစ်စဉ် ထုတ်ပြန်လျက်ရှိပါသည်။

သို့ပါ၍ ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေ ၁၅၊ နည်းဥပဒေခွဲ(က)ပါ ပြဋ္ဌာန်းချက်များအရ ထုတ်ဝေသူသည် မိမိထုတ်ဝေသော ထုတ်ဝေစာ ၆ အုပ် သို့မဟုတ် ၆ စောင်ကို ဖြန့်ချိသည့်နေ့ရက်မှစ၍ ၇ ရက်အတွင်း ပုံနှိပ်သူထံပေးအပ်ပြီး ပုံနှိပ်သူသည် ၁၄ ရက်အတွင်း ပုံစံ ၁၁ ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲသို့ မပျက်မကွက် ပေးအပ်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**






## ပြန်ကြားရေးဝန်ကြီးဌာန
## ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန
## စက္ကူ၊ မင်နှင့် ပုံနှိပ်ရေးပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနမှ စက္ကူ၊ မင်နှင့် ပုံနှိပ်ရေးပစ္စည်းများအား ပြည်တွင်းကျပ်ငွေဖြင့် အောက်ပါအတိုင်းဝယ်ယူလိုပါသည်-

- (က) Woodfree Paper 28.25"(70 gsm)
- (ခ) Woodfree Paper (100 gsm) 30"
- (ဂ) Art Card 31"x43"(210gsm)
- (ဃ) Woodfree Paper (70 gsm) A1
- (င) Woodfree Paper (80 gsm) A1
- (စ) Woodfree Paper (70 gsm) 31"x43"
- (ဆ) Woodfree Paper (80 gsm) 31"x43"
- (ဇ) Woodfree Paper (80 gsm) 25"x37"
- (ဈ) Art Card (250gsm) 31"x43"
- (ည) MG Pressing (210gsm) 31''x43'' (Green)
- (ဋ) Web Offset Ink (၄) မျိုး
- (ဌ) ပုံနှိပ်ရေးပစ္စည်း (၁၂) မျိုး

၂။ အိတ်ဖွင့်တင်ဒါများကို (၂၅-၄-၂၀၂၂)ရက်နေ့မှ (၉-၅-၂၀၂၂ )ရက်နေ့အထိ နေ့စဉ် နံနက်(၀၉:၃၀)နာရီမှ (၁၆:၀၀)နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ စက်တင်/မျက်မြင် စမ်းသပ်စစ်ဆေးရန်အတွက် စက္ကူနှင့် အခြားကုန်ကြမ်းပစ္စည်းနမူနာများကို (၁၀-၅-၂၀၂၂)ရက်နေ့မှ (၁၈-၅-၂၀၂၂ )ရက်နေ့အထိ နံနက် (၀၉:၃၀)နာရီမှ (၁၆:၀၀)နာရီအတွင်း သတ်မှတ်နေရာများအရောက် ပေးပို့ရန်ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါများကို (၂၆-၅-၂၀၂၂)ရက်နေ့တွင် နံနက် (၀၉:၃၀) နာရီမှ (၁၆:၀၀)နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၅။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း ၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅ တို့ကို ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ | တင်ဒါတင်သွင်းရန်လိပ်စာ |
|---|---|
| ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန | ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန |
| ပြန်ကြားရေးဝန်ကြီးဌာန | ပြန်ကြားရေးဝန်ကြီးဌာန |
| ရုံးအမှတ်(၇)၊ နေပြည်တော် | ရုံးအမှတ်(၇)၊ နေပြည်တော် |
| ဖုန်း ၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅ | ဖုန်း ၀၆၇-၄၁၂၃၇၅၊ ၀၆၇-၄၁၂၃၇၄ |

## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တံတားစီမံကိန်းအဖွဲ့ (၁)မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/ ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် ချင်းပြည်နယ်အတွင်း ဆောင်ရွက်မည့် တံတားတည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သော တည်ဆောက်ရေးလုပ်ငန်းသုံး ပစ္စည်းများကို သက်ဆိုင်ရာ တံတားများ၏ လုပ်ငန်းခွင်အရောက်(ပထမ)အကြိမ် အိတ်ဖွင့်တင်ဒါစနစ်(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင် တင်ဒါတင်သွင်းလိုသူများမှ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်-

- (က) တင်ဒါလျှောက်လွှာပုံစံ စတင်ရောင်းချမည့်ရက် - ၂၇-၄-၂၀၂၂ရက်
- (ခ) တင်ဒါပိတ်မည့်ရက်/အချိန် - ၁၂-၅-၂၀၂၂ရက် ၁၅:၀၀ နာရီ
- (ဂ) တင်ဒါဖွင့်မည့်ရက်/အချိန် - ၁၆-၅-၂၀၂၂ရက် ၁၀:၀၀နာရီ
- (ဃ) တင်ဒါဖွင့်မည့်နေရာ - တံတားစီမံကိန်းအဖွဲ့(၁)ရုံး၊ တံတားဦးစီးဌာန၊ ချင်းပြည်နယ်၊ ဟားခါးမြို့

၂။ တင်ဒါလျှောက်လွှာပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တံတားစီမံကိန်းအဖွဲ့ (၁)၊ ဟားခါးမြို့၊ ဖုန်း-၀၉-၉၈၄၁၁၂၃၇၆၊ ၀၉-၉၅၀၇၉၃၂၅၆တွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါကော်မတီ
တံတားစီမံကိန်းအဖွဲ့ (၁)
ချင်းပြည်နယ်၊ ဟားခါးမြို့

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ -၂၀)
## ဒက္ခိဏခရိုင်တရားရုံးတော်
## ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် - ၂၃၄

ဦးလှမျိုးလွင် နှင့် ၁။ ဦးခင်မောင်ဦး
၂။ ဦးသူရမောင်မောင်
၃။ ဒေါ်သဥ္ဇာမေ

တရားလို — တရားပြိုင်များ

တိုက်အမှတ် (၄၂)၊ စည်ပင်ဝန်ထမ်းအိမ်ရာ၊ ဇမ္ဗူသီရိမြို့နယ်နေ (၁) တရားပြိုင် ဦးခင်မောင်ဦး (ဘ)ဦးလှမြင့်နှင့် အမှတ် (၅၇)၊ သိန္နီလမ်း၊ (၂)ရပ်ကွက်၊ လားရှိုးမြို့နေ (၂)တရားပြိုင် ဦးသူရမောင်မောင် (ဘ)ဦးအင်တင်ကြောင် (ယခုနေလိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆို သည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၂ ခုနှစ် မေ ၆ရက် (၁၃၈၄ ခုနှစ်၊ ကဆုန်လဆန်း ၇ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဧပြီ ၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဒေါ်ဝတ်မှုန်)
ဒုတိယခရိုင်တရားသူကြီး (၄)
ဒက္ခိဏခရိုင်တရားရုံး

## ပြန်ကြားရေးဝန်ကြီးဌာန
## ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန
## ရုံးသုံး/လုပ်ငန်းသုံးစက်ကိရိယာပစ္စည်းများဝယ်ယူရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန ၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၏ ၂၀၂၂ - ၂၀၂၃ ခု ၊ ဘဏ္ဍာရေးနှစ်အတွက် အသုံးပြုရန်လိုအပ်သော အောက်ပါဖော်ပြပါ ရုံးသုံး/ လုပ်ငန်းသုံး စက်ကိရိယာ ပစ္စည်းများကို (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူမည်ဖြစ်ပါသဖြင့် ဈေးနှုန်းအဆိုပြုလွှာများ တင်သွင်းရန် ဖိတ်ခေါ်ပါသည် -

- (က) Non Control Items (၇)မျိုး
- (ခ) Machinery and Equipment
  - (၁) 4 Unit Sheetfed Offset Machine
  - (၂) Knife Grinding Machine
  - (၃) Computer to Plate (CTP)
  - (၄) Semi-Automatic Casing Making Machine
  - (၅) Card Board Slitter Machine
  - (၆) Card Board Cutter Machine
  - (၇) Angle Cutting Machine
  - (၈) Hard Cover Book Pressing & Creasing Machine
  - (၉) Laminating Machine (Fully Auto) (Sheetfed Type)
  - (၁၀) Sewing Machine
  - (၁၁) 4 Hi Tower Web Offset Printing Machine
  - (၁၂) 12 Clamp Perfect Binding Machine
  - (၁၃) Paper Cutting Machine (Single Knife)
  - (၁၄) Paper Cutting Machine (Three Knife)
  - (၁၅) Hydraulic Die Cutting Machine
  - (၁၆) Automatic Kraft Mail Wallet and Pocket Envelope Paper Bag
  - (၁၇) 500 KVA Generator (Sound Proof)
  - (၁၈) Air Conditioner (1.5 HP)
  - (၁၉) Air Conditioner (2 HP)
  - (၂၀) Air Conditioner (5 HP)
  - (၂၁) Forklift (Double Type)
  - (၂၂) Stand Fan (12")
- (ဂ) Office Equipment (၁၂)မျိုး

၂။ အိတ်ဖွင့်တင်ဒါများကို (၉-၅-၂၀၂၂)ရက်မှ(၂၃-၅-၂၀၂၂)ရက်အထိ နေ့စဉ် နံနက်(၀၉:၃၀) နာရီမှ (၁၆:၀၀)နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန ၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ ရုံးအမှတ် (၇)၊ နေပြည်တော်တွင် တင်ဒါဖောင် Machine-1 (၁)စောင်လျှင် ၁၀,၀၀၀/-နှုန်းဖြင့် လည်းကောင်း၊ Machine-2 (၁)စောင်လျှင် ၂,၀၀၀/-နှုန်းဖြင့်လည်းကောင်း၊ Machine-3 (၁)စောင်လျှင် ၅၀,၀၀၀/-နှုန်းဖြင့် လည်းကောင်း လာရောက် ဝယ်ယူနိုင်ပြီး ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ကပ်ရောဂါဆိုင်ရာ ညွှန်ကြားချက်နှင့်အညီ ကုမ္ပဏီ(၁)ခုလျှင် (၁)ဦးသာ လာရောက်ဝယ်ယူပါရန် မေတ္တာရပ်ခံပါသည်။

၃။ အိတ်ဖွင့်တင်ဒါများလာရောက်တင်သွင်းရာတွင် ဈေးနှုန်းမပါသည့် Specification & Catalogue များကို (၂၃-၅-၂၀၂၂) မှ (၃၀-၅-၂၀၂၂)ရက်နေ့အထိ လည်းကောင်း ၊ ဈေးနှုန်းပါသည့် Specification & Catalogue များတင်သွင်းခြင်းကို (၆-၆-၂၀၂၂) ရက်နေ့တွင်လည်းကောင်း နံနက် (၀၉:၃၀)နာရီမှ (၁၆:၀၀)နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်သို့ လာရောက်ပေးသွင်းကြပါရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါအာမခံကြေးအဖြစ် တင်ဒါတစ်ခုချင်းစီ၏ တင်ဒါတင်သွင်းမည့်ပစ္စည်း တန်ဖိုး (၁%)အား မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အသိအမှတ်ပြုထားသည့် ဘဏ်တစ်ခုခုမှ P.G (Performance Bank Guarantee)ပြုလုပ်၍ ပေးသွင်းရမည်ဖြစ်ပါသည်။

၅။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါကဖုန်း ၀၆၇ - ၃၄၁၂၃၇၄ ၊ ၀၆၇ - ၃၄၁၂၃၇၅ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ | တင်ဒါတင်သွင်းရန်လိပ်စာ |
|---|---|
| ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန | ပြည်တွင်း/ပြည်ပ ပစ္စည်းများ |
| ပြန်ကြားရေးဝန်ကြီးဌာန | ဝယ်ယူရေးနှင့် |
| ရုံးအမှတ် (၇) ၊ နေပြည်တော် | ထုခွဲရောင်းချရေးကော်မတီ |
| ဖုန်း ၀၆၇-၃၄၁၂၃၇၄ ၊ ၀၆၇-၃၄၁၂၃၇၅ | ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန |
| | ပြန်ကြားရေးဝန်ကြီးဌာန |
| | ရုံးအမှတ် (၇) ၊ နေပြည်တော် |
| | ဖုန်း ၀၆၇-၃၄၁၂၃၇၄ ၊ ၀၆၇-၃၄၁၂၃၇၅ |

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
## ဒက္ခိဏခရိုင်တရားရုံးတော်၌
## ၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ် - ၉

ဦးနေဝင်း နှင့် ၁။ ဦးကျော်ဝေ
၂။ ဦးဝင်းဆွေသိန်း
၃။ ဒေါ်နန်းမိုင်ခမ်း
၄။ ဦးသူရစိုးအောင်

တရားလို — တရားပြိုင်များ

ဦးကျော်ဝေ(ဘ) ဦးရုံးဖန်၊ အမှတ်(၈/၁၀၅)၊ပန်းခင်း(၁)၊ ရွာကောက်ရပ်ကွက်၊ ပျဉ်းမနားမြို့နယ်၊ ဦးဝင်းဆွေသိန်း (ဘ) ဦးစံသိန်း၊ အမှတ်(၉/၈၅)၊ ကုန်းမြင့်ရပ်၊ရွာကောက်ရပ်ကွက်၊ ပျဉ်းမနားမြို့နယ်၊ ဒေါ်နန်းမိုင်ခမ်း(ဘ)ဦးကျော်လှ၊ တိုက် (၄၆)၊ မင်္ဂလာဈေး၊ ရွာတော်၊ ပုဗ္ဗသီရိမြို့နယ်၊ ဦးသူရစိုးအောင်(ငြိမ်း)(ဘ)ဦးထွန်းတင်၊ တိုက်(၂၉၆)၊ အခန်း(၅)၊ အရှေ့ရန်ကင်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး(ယခု နေရပ်လိပ်စာမသိသူ) တို့ သိစေရမည်။

သင့်အပေါ်၌ တရားလိုက နေအိမ်နှင့် ဝိုင်းခြံမြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထား စွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့် ဖြစ်စေ၊ရှေ့နေနှင့်ဖြစ်စေ ၂၀၂၂ ခုနှစ် ဧပြီ ၂၈ ရက် (၁၃၈၄ ခုနှစ် တန်ခူးလပြည့်ကျော် ၁၃ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို ၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များ ကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင် သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် ဧပြီ ၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(သန္တာညွန့်)
ဒုတိယခရိုင်တရားသူကြီး(၃)
ဒက္ခိဏခရိုင်တရားရုံး

## အမည်မှန်

ဦးဒိန်ခန်ဆင်၏သား မချမ်းဘောမြို့နယ်၊ ဆင်လွှမ်ဒမ်းကျေးရွာနေ ဦးဒိန်ခန်ဖုန်၏ အမည်မှန်မှာ ဦးဒိန်ခန်ဖုန်ရမ် ၁/မခဘ(နိုင်)၀၀၉၄၃၇ ဖြစ်ပါသည်။

## မိခင်အမည်မှန်

မူဆယ်မြို့၊ အထက (၁)တက္ကသိုလ်ဝင်တန်းမှ မောင်ကောင်းမြတ်စံ၏ မိခင်အမည်မှန်မှာ SHAUK KYWE(ခေါ်) နန်းထားမေဖြစ်ပါကြောင်း။

SHAUK KYWE(ခေါ်)
နန်းထားမေ ၁၃/မဆတ(ပြု)၀၀၀၂၃၈

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန

၁။ နိုင်ငံတော်မှထုတ်ပြန်ထားသော ဒေသစရိတ်ခံစားခွင့်ရှိသည့် သွားလာရေးနှင့်လူမှုရေးခက်ခဲသောဒေသများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ(၆)ခု (နာဂ၊ ဓနု၊ ပအိုဝ်း၊ ပလောင်၊ ကိုးကန့်၊ ဝ)တို့မှ ၂၀၂၀-ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအား ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ဆေးတက္ကသိုလ်များသို့ အောက်ပါအရည်အချင်းနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်သည်။

၂။ လိုအပ်သောအရည်အချင်းများ-

- (က) ဝင်ခွင့်လျှောက်ထားချိန်တွင် တက္ကသိုလ်ဝင်ခွင့်လျှောက်ထားသူသည် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်(နိုင်)/ (ပြု)/ (ဧည့်) ကိုင်ဆောင်ထားသူဖြစ်ရမည်။
- (ခ) နိုင်ငံတော်မှထုတ်ပြန်ထားသော ဒေသစရိတ်ခံစားခွင့်ရှိသည့် သွားလာရေးနှင့်လူမှုရေး ခက်ခဲသောဒေသများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ (နာဂ၊ဓနု၊ပအိုဝ်း၊ပလောင်၊ ကိုးကန့်၊ ဝ)တွင် အမြဲနေထိုင်သူဖြစ်ရမည်။
- (ဂ) ၂၀၂၀-ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲ(မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ)ဖြင့် အောင်မြင်သူဖြစ်ရမည်။
- (ဃ) အခြေခံပညာသင်တန်း(၈-တန်း၊ ၉-တန်း၊ ၁၀-တန်း) များကို ၎င်းဒေသများတွင် ဆက်တိုက်ပညာသင်ကြားခဲ့ပြီး ၎င်းဒေသများမှပင် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။

  **မှတ်ချက် ။ အပိုဒ်(ခ)ပါဒေသများတွင်နေထိုင်သော်လည်း အခြေခံပညာအထက်တန်း ကျောင်းမရှိခြင်း၊ စာစစ်ဌာနမရှိခြင်း၊ အခြေခံပညာအထက်တန်းကျောင်းရှိသော်လည်း သိပ္ပံဘာသာတွဲသင်ကြားနိုင်မှု မရှိခြင်းတို့ကြောင့် အနီးစပ်ဆုံးမြို့နယ်ရှိ အထက်တန်းကျောင်းများမှ အောင်မြင်သော ကျောင်းသားများအား (၈-တန်း၊၉-တန်း၊၁၀-တန်း)ကို ခက်ခဲဒေသတွင် (၃)နှစ်ဆက်တိုက် တက်ရောက်ခဲ့ခြင်းမရှိသော်လည်း ခြွင်းချက်ဖြင့် စဉ်းစားမည်။**
- (င) ဆေးတက္ကသိုလ်ဝင်ခွင့်ပြုပါရန် လျှောက်ထားရမည်။
- (စ) ဘွဲ့ရရှိပြီးသည့်အချိန်မှမိမိဒေသတွင်နိုင်ငံ့ဝန်ထမ်းအဖြစ်အနည်းဆုံး(၅)နှစ်၊ ဘွဲ့လွန်သင်တန်း တက်ရောက်အောင်မြင်ပြီးပါက နိုင်ငံ့ဝန်ထမ်းအဖြစ် အနည်းဆုံး(၅)နှစ် မပျက်မကွက် တာဝန်ထမ်းဆောင်ရန် ဝန်ခံကတိပြုရမည်။

၃။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်များကို ပူးတွဲတင်ပြရမည်။

- (က) မြန်မာနိုင်ငံစာစစ်အဖွဲ့မှ ထုတ်ပေးသည့် တက္ကသိုလ်ဝင်စာမေးပွဲအောင် ရမှတ်စာရင်း**(မူရင်း) (၁)စောင်**
- (ခ) ၎င်းဒေသရှိ ကျောင်း၌(၃)နှစ်ဆက်တိုက် တက်ရောက်ခဲ့သူဖြစ်ကြောင်းနှင့် တက္ကသိုလ်ဝင်စာမေးပွဲအား ၎င်းဒေသရှိ စာစစ်ဌာနမှ အောင်မြင်သူဖြစ်ကြောင်း သက်ဆိုင်ရာ အခြေခံပညာအထက်တန်းကျောင်း၊ ကျောင်းအုပ်ကြီး၏ ထောက်ခံချက်နှင့် မြို့နယ်ပညာရေးမှူးတို့၏ ထောက်ခံချက်။
- (ဂ) အိမ်ထောင်စုစာရင်းဇယားမိတ္တူနှင့် ၎င်းဒေသတွင် (၃)နှစ်ဆက်တိုက်နေထိုင်သူဖြစ်ကြောင်း သက်ဆိုင်ရာဒေသအာဏာပိုင်များ၏ ထောက်ခံချက်။
- (ဃ) လျှောက်ထားသူနှင့်မိဘ(၂)ပါးစလုံးတို့၏ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူများ
- (င) (၆)လအတွင်း ရိုက်ကူးထားသည့် လိုင်စင်အရွယ်ရောင်စုံဓာတ်ပုံ(၂)ပုံ
- (စ) ဘွဲ့ရရှိပြီးသည့်အချိန်မှမိမိဒေသတွင်နိုင်ငံ့ဝန်ထမ်းအဖြစ်အနည်းဆုံး(၅)နှစ်၊ ဘွဲ့လွန်သင်တန်း တက်ရောက်အောင်မြင်ပြီးပါက နိုင်ငံ့ဝန်ထမ်းအဖြစ် အနည်းဆုံး (၅)နှစ် မပျက်မကွက် **(မပျက်မကွက်)** တာဝန်ထမ်းဆောင်ပါမည်ဟု ကတိပြုဝန်ခံချက်။

**မှတ်ချက်။ အထူးအခွင့်အရေးအဖြစ် ဆေးတက္ကသိုလ်သို့ တက်ရောက်ခွင့်ပြုခြင်းဖြစ်သည့်အတွက် တက်ရောက်ခွင့် ရရှိပြီး တက္ကသိုလ်သို့ သင်တန်းလာအပ်ပါက ဘွဲ့ရရှိပြီးသည့်အချိန်မှ မိမိဒေသတွင် နိုင်ငံ့ဝန်ထမ်းအဖြစ်အနည်းဆုံး(၅)နှစ်၊ ဘွဲ့လွန်သင်တန်း တက်ရောက်အောင်မြင်ပြီးပါက နိုင်ငံ့ဝန်ထမ်းအဖြစ် အနည်းဆုံး(၅)နှစ် မပျက်မကွက်တာဝန်ထမ်းဆောင်ပါမည်ဟု သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့များ၏ ဥက္ကဋ္ဌ(သို့မဟုတ်) သက်ဆိုင်ရာစီမံအုပ်ချုပ်ရေးကောင်စီ/ အဖွဲ့မှ တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်ရှေ့မှောက်တွင် လက်မှတ်ရေးထိုးထားသည့် ကတိပြုဝန်ခံချက်တင်ပြရမည်။**

၄။ အောက်ဖော်ပြပါလျှောက်လွှာနမူနာပုံစံအတိုင်း A-4 size ဖြင့် ကွန်ပျူတာရိုက်၍ မိမိအစီအစဉ်ဖြင့် လျှောက်ထားရန် ဖြစ်ပါသည်။

၅။ လျှောက်လွှာများကို (၆-၅-၂၀၂၂)ရက်နေ့ နောက်ဆုံးထား၍ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၄)၊နေပြည်တော်သို့တိုက်ရိုက်ပေးပို့လျှောက်ထားရမည်ဖြစ်သည်။

၆။ လျှောက်လွှာပိတ်ရက်ထက် နောက်ကျရောက်ရှိလာသော လျှောက်လွှာများနှင့် မပြည့်စုံသော လျှောက်လွှာများအား လုံးဝ(လုံးဝ) ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ ရောက်ရှိလာသောလျှောက်လွှာများနှင့် အမှတ်စာရင်းများကိုစိစစ်ပြီး သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများအား ရွေးချယ်၍ ဆေးတက္ကသိုလ်ဝင်ခွင့်ပြုမည်ဖြစ်ပါသည်။

**(မှတ်ချက်။ ရွေးချယ်ခြင်းမခံရသူများအား ပြန်လည်အကြောင်းကြားမည်မဟုတ်ပါ)။**

၈။ ဆေးတက္ကသိုလ်သို့ဝင်ခွင့်ရရှိသူများသည် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနမှ တက်ရောက် ခွင့်ပြုသည့် ဝင်ခွင့်ရတက္ကသိုလ်တွင်သာ သင်တန်းပြီးဆုံးသည်အထိ တက်ရောက်ရမည်ဖြစ်သည်။

၉။ အသေးစိတ်သိလိုပါက ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ နေပြည်တော်၊ ဖုန်း-၀၆၇-၃၄၁၁၂၃၉ နှင့် ၀၆၇-၃၄၁၁၁၄၈၊ ၃၄၁၁၁၄၉၊ လိုင်းခွဲ(၈၁၁)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**လျှောက်လွှာနမူနာပုံစံ**

ဓာတ်ပုံ

### ကျန်းမာရေးဝန်ကြီးဌာန
### ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန

### ဆေးတက္ကသိုလ်ဝင်ခွင့်လျှောက်လွှာ
### (၂၀၂၀-ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက်သာ)

၁။ အမည် (မြန်မာ) ---------------------------------- ကျား ☐ မ ☐
(အင်္ဂလိပ်)

၂။ နိုင်ငံသားစိစစ်ရေးကတ်အမှတ် ----------------------------------

၃။ မွေးသက္ကရာဇ်(ခုနှစ်၊လ၊ရက်) ----------------------------------

၄။ လူမျိုး ---------------------- ကိုးကွယ်သည့်ဘာသာ ----------------------

၅။ ဖခင်အမည် ---------------------- နိုင်ငံသားစိစစ်ရေးကတ်အမှတ် ----------------------
အလုပ်အကိုင်----------------------------------

၆။ မိခင်အမည် ---------------------- နိုင်ငံသားစိစစ်ရေးကတ်အမှတ် ----------------------
အလုပ်အကိုင်----------------------------------

၇။ အဌမတန်းစာမေးပွဲအောင်မြင်ခဲ့သည့် ကျောင်း---------------------- မြို့နယ်----------------------
မြို့---------------------- ပြည်နယ်/တိုင်းဒေသကြီး----------------------

၈။ နဝမတန်းစာမေးပွဲအောင်မြင်ခဲ့သည့် ကျောင်း---------------------- မြို့နယ်----------------------
မြို့---------------------- ပြည်နယ်/တိုင်းဒေသကြီး----------------------

၉။ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သည့်ခုနှစ်------------ ခုံအမှတ်------------ ရမှတ်ပေါင်း------------
အောင်မြင်သည့်စာစစ်ဌာန ---------------------- ပြည်နယ်/တိုင်းဒေသကြီး----------------------

၁၀။ တက္ကသိုလ်ဝင်တန်းတက်ရောက်ခဲ့သည့် ကျောင်းနှင့်မြို့နယ်----------------------

၁၁။ အမြဲနေထိုင်သောလိပ်စာ ----------------------------------
----------------------------------

၁၂။ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံနှင့်ဖုန်းနံပါတ်----------------------
----------------------------------

၁၃။ ဝန်ခံချက်
အထက်ဖော်ပြပါအချက်အလက်များ မှန်ကန်ပါသည်။

ရက်စွဲ။ ------------------------

------------------------
ဝင်ခွင့်လျှောက်ထားသူလက်မှတ်

အထက်ဖော်ပြပါအချက်များ မှန်ကန်ကြောင်း တာဝန်ယူလက်မှတ်ရေးထိုးပါသည်။

ရက်စွဲ။ ----------------------------------

------------------------
မိဘ/အုပ်ထိန်းသူလက်မှတ်

## ရှမ်းပြည်နယ်အစိုးရအဖွဲ့ ၏ကြီးကြပ်မှုဖြင့် ရှမ်းပြည်နယ်အတွင်း ကျောင်း/ရုံး ငွေလုံးငွေရင်း(တည်ဆောက်ရေး)အတွက် အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း (ငွေလုံးငွေရင်း)ခွင့်ပြုရန်ပုံငွေဖြင့် ရှမ်းပြည်နယ် အတွင်းရှိ အခြေခံပညာကျောင်း/ရုံးများ တည်ဆောက်ရေးအတွက် တင်ဒါ (အိတ်ဖွင့်)စနစ်ဖြင့် ဆောင်ရွက်လိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများ ထံမှ တင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

| | | | |
|---|---|---|---|
| ၂။ | ရှမ်းပြည်နယ်(တောင်ပိုင်း) | တည်ဆောက်ရေး | Lot(1 to 33) |
| | ရှမ်းပြည်နယ်(မြောက်ပိုင်း) | တည်ဆောက်ရေး | Lot(1 to 27) |
| | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | တည်ဆောက်ရေး | Lot(1 to 24 ) |
| ၃။ | **တင်ဒါလျှောက်လွှာပုံစံ ရောင်းချမည့်ရက်** | - | ၁၈-၄-၂၀၂၂ ရက် (တနင်္လာနေ့) |
| | **တင်ဒါလျှောက်လွှာပုံစံ ရောင်းချမည့်အချိန်** | - | ရုံးချိန်အတွင်း |
| | **တင်ဒါပိတ်မည့်ရက်** | - | ၉-၅-၂၀၂၂ ရက် (တနင်္လာနေ့)၊ အချိန်(၁၆:၀၀) နာရီ |
| | **ရောင်းချမည့်နေရာ** | - | ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပြည်နယ်ပညာရေးမှူးရုံး၊ |
| | | - | ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ပြည်နယ်ပညာရေးမှူးရုံး (ရုံးခွဲ)(၀၈၂-၂၃၆၈၀) |
| | | - | ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ပြည်နယ်ပညာရေးမှူးရုံး (ရုံးခွဲ)(၀၈၄-၂၃၅၄၀) |

၄။ အိတ်ဖွင့်တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်ပတ်သက်၍ တင်ဒါတင်သွင်းရန် အသေးစိတ်အချက်အလက်များသိရှိလိုပါက ရှမ်းပြည်နယ်ပညာရေးမှူးရုံး-တောင်ကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း-လားရှိုး၊အရှေ့ပိုင်း-ကျိုင်းတုံ)ပြည်နယ်ပညာရေးရုံးခွဲများ တွင် နေ့စဉ်ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ**
**ရှမ်းပြည်နယ်ပညာရေးမှူးရုံး၊ တောင်ကြီးမြို့**
**ဖုန်း-၀၉-၄၅၅၅၁၉၇၉၂ ၊ ၀၈၁-၂၁၂၃၁၈**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၄)၊ ကျောက်စိမ်းလမ်း၊ မြေကွက်အမှတ်(၃၁)၊ ဧရိယာ(၀ဒသမ၀၅၆)ကေရှိ နှစ်(၆၀)ဂရန်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဦးငွေရီရီစိုး (NBN-၁၃၆၄၆၅)အမည်ဖြင့် တည်ရှိပြီး ၎င်းထံမှ အဆိုပါမြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်အား ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၇၁၇၈/၂၀၁၃) ရရှိပြီး ပြန်လည်ရောင်းချ ပိုင်ခွင့်ရှိသူ ဒေါ်ခိုင်ဇင်ဝင်း (၁၂/သဃက(နိုင်)၀၀၂၆၅၉)မှ ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်းကြောင်း၊ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် အဆိုပါမြေကွက်၏ ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသအား ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက မည်သူမဆို ပိုင်ဆိုင်မှုခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဥမ္မာဖြိုး LL.B**
**အထက်တန်းရှေ့နေ**
**(စဉ်-၄၀၇၁၄)**
**အမှတ်(၁၈)၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း ၀၉-၂၅၀၅၁၆၉၈၀**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁)၊ မြေကွက်အမှတ် (၇၂၃)၊ အကျယ်အဝန်း(အလျား၄၀ပေ x အနံ၆၀ပေ)ရှိ ဗိုလ်မှူးအုန်းလှိုင်(ZGN-၀၄၃၆၁၉)အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေပေါ်ရှိ ယခုအခေါ် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၁)ရပ်ကွက်၊ နှောင်ရိုး(၃) လမ်း၊ အမှတ်(၇၂၃)ဟုခေါ်တွင်သည့် မြေကွက်နှင့်တကွ အကျိုးခံစားခွင့်အားလုံး တို့အား အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် တရားဝင်ဝယ်ယူလက်ရှိ ပိုင်ဆိုင်ထားသူ ဦးသက်မော်(၁၂/ဗတထ(နိုင်) ၀၁၉၄၇၁) ထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန် အတွက် ဦးသက်မော်၏ ယောက်ဖဖြစ်သူ ဦးသောင်းထိုက်(၁၂/ပဘတ(နိုင်)၀၁၇၀၄၂) အား မြေကွက် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ဤသတင်းစာပါသည်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သက်မှတ်ရက်အတွင်းကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မြလှဲ့ဝင်း(LL.B ) အထက်တန်းရှေ့နေ (စဉ်-၂၀၉၅၁)**
**အမှတ်-၈၃၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၁၅၁၈၃၃၊ ၀၉-၅၀၉၀၅၅၃**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6J/1590, Nissan AD Station Wagon (4x2) ယာဉ် လက်ဝယ်ရှိသူ ဦးတင်ဝင်းအောင် ၉/ကပတ(နိုင်)၁၄၅၆၄၃ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/63218, Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ ဦးစိုးရန်နိုင်ထွန်း ၉/ပသက(နိုင်)၁၁၆၈၁၇ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## သားအဖြစ်မှစွန့်လွှတ်ခြင်း

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ရွှေစက်ရပ်ကွက်၊ နယ်မြေ(၅)၊ အမှတ် ၃၄နေ ဦးဖူရဲဂျာ(ခ)ဦးအားဖူ(ကွယ်လွန်) နှင့် ဒေါ်အားနန် ၁/မကန(နိုင်) ၀၈၄၅၆၄ တို့၏သား ဦးဖူတားရဲ ၁/မကန(နိုင်)၀၂၂၈၄၅ သည် မိခင်၏ ဆိုဆုံးမမှုကို မနာခံဘဲ မိခင်နှင့် မိသားစု မောင်နှမများ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ် ပြုမူနေပါသဖြင့် သားအဖြစ်မှ စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့် ပတ်သက်သည့် ကိစ္စအဝဝသည် မိခင်နှင့် မိသားစုမောင်နှမများနှင့် လုံးဝ မသက်ဆိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်အားနန် ၁/ မကန(နိုင်)၀၈၄၅၆၄**
**ဖုန်း-၀၉-၄၅၆၁၂၄၄၀၂**

## ငြင်းချက်ထုတ်ရန် သမ္မန်စာ (တရားမကျင့်ထုံးဥပဒေအမိန့်-၅ ၊ နည်းဥပဒေ -၂၀ ) မြဝတီခရိုင်တရားရုံးတော်၌ ၂၀၂၂ ခုနှစ် ၊ တရားမကြီးမှုအမှတ် - ၃၃

| | | |
|---|---|---|
| ဒေါ်အီကောင်ဆယ် | နှင့် | ဦးစောအောင်ကိုထွေး |
| **တရားလို** | | **တရားပြိုင်** |

မြဝတီမြို့၊ အမှတ် (၄)ရပ်ကွက်၊ ဘုရင့်နောင်လမ်းရှိ (ယခုနေရပ်လိပ်စာမသိ) တရားပြိုင်ဦးစောအောင်ကိုထွေး သိစေရမည်။

သင်၏အပေါ်တွင် တရားလိုက ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ မြဝတီမြို့၊ အမှတ် (၄)ရပ်ကွက်၊ ကွင်းအမှတ် (၅၃-အေ)၊ မြန်မာနန်းအကွက်၊ ဦးပိုင်အမှတ် (၂၉၆)၊ မြေဧရိယာ (၄၀ x ၆၀)ပေ အကျယ်အဝန်းရှိ ခြံမြေကွက်ကို မြေကွက်အရောင်း အဝယ်မှတ်ပုံတင် စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ကိုယ်စားလှယ်ဖြစ်စေ၊ အခွင့်ရရှေ့နေဖြစ်စေ၊ အမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦး၊ ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၁ ရက် ( ၁၃၈၄ ခုနှစ် တန်ခူးလပြည့်ကျော် ၆ ရက်) (ကြာသပတေးနေ့)၊ နံနက် ၁၀ နာရီအချိန်၌ အထက်ပါတရားလို၏ စွပ်စွဲချက်ကို ထုချေရှင်းလင်းရန် ကရင်ပြည်နယ်၊ မြဝတီခရိုင်တရားရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ သင်သည်အထက်ကဆိုခဲ့သည့် နေ့ရက်တွင် ရုံးသို့လာရောက်ရန် ပျက်ကွက်ပါက သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် သင်ကထုချေတင်ပြလိုသည့် စာချုပ်စာတမ်းများကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ ကိုယ်စားလှယ်ရှေ့နေလက်တွင်အပ်နှံ၍ ပို့အပ် လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ်၊ ဧပြီလ ၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ် ပေးလိုက်သည်။

**( ခင်ဇော်ဦး)**
**ခရိုင်တရားသူကြီး**
**မြဝတီခရိုင်တရားရုံး**

## ငြင်းချက်ထုတ် ရန်သမ္မန်စာ (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀ ) မြဝတီ ခရိုင်တရားရုံးတော်၌ ၂၀၂၂ ခုနှစ် ၊ တရားမကြီးမှုအမှတ် - ၃၂

| | | |
|---|---|---|
| ဒေါ်မိလှအေး | နှင့် | ဦးစိုးညွန့် |
| **တရားလို** | | **တရားပြိုင်** |

မြဝတီမြို့၊ အမှတ် (၄)ရပ်ကွက်၊ ဘုရင့်နောင်လမ်းရှိ (ယခုနေရပ်လိပ်စာမသိ) တရားပြိုင်ဦးစိုးညွန့် သိစေရမည်။

သင်၏အပေါ်တွင် တရားလိုက ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ မြဝတီမြို့၊ အမှတ် (၄)ရပ်ကွက်၊ ကွင်းအမှတ် (၅၃-အေ)၊ မြို့သစ်အပိုင်း(က)၊ မြေကွက်အမှတ် (၂၁၀)၊ မြေဧရိယာ (၀ဒသမ၀၈၃)ကေ အကျယ်အဝန်းရှိ ခြံမြေကွက်ကို မြေကွက် အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက် ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ကိုယ်စားလှယ်ဖြစ်စေ၊ အခွင့်ရရှေ့နေ ဖြစ်စေ၊ အမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦး၊ ၎င်းရှေ့နေ နှင့်ပါ၍ ဖြစ်စေ ၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၁ရက်၊ (၁၃၈၄ ခုနှစ်၊ တခူးလပြည့်ကျော် ၆ ရက်) (ကြာသပတေးနေ့) နံနက် ၁၀ နာရီအချိန်၌ အထက်ပါတရားလို၏ စွပ်စွဲချက်ကို ထုချေ ရှင်းလင်းရန် ကရင်ပြည်နယ်၊ မြဝတီခရိုင်တရားရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ သင်သည်အထက်ကဆိုခဲ့သည့်နေ့ရက်တွင် ရုံးသို့ လာရောက်ရန်ပျက်ကွက်ပါက သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် သင်က ထုချေတင်ပြလိုသည့် စာချုပ်စာတမ်းများကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် အပ်နှံ၍ ပို့အပ်လိုက်ရမည်။ သင်ကချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်မီ (၄)ရက်က တင်သွင်း ရမည်။

၂၀၂၂ ခုနှစ်၊ ဧပြီလ ၇ ရက် တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**( ခင်ဇော်ဦး )**
**ခရိုင်တရားသူကြီး**
**မြဝတီခရိုင်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 79W/81372, Honda Scoopy 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ထွန်း ၉/ပကခ(နိုင်)၀၀၀၉၃၆ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1L/7862, Honda Fit GE8 Hatch Back (4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝင်းဝါဝါနွယ် ၁၃/ကမန(နိုင်) ၀၀၀၆၉၆ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ် ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စစ်ကိုင်းမြို့၊ ရွှေမင်းဝံရပ်ကွက်၊ ကွင်း/အကွက် အမှတ်နှင့် အမည်(၇၉၇/ ရွာထောင် အရှေ့)၊ မြေကွက်အမှတ် (ဈ/၁)၊ မြေဧရိယာ (၀ဒသမ၁၁၀) ကေရှိမြေသည် စစ်ကိုင်းမြို့နယ်စုငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ တိုးချဲ့ရပ်ကွက်နှင့် ပန်းခြံ များ တည်ဆောက်ရေးလုပ်ငန်း ဦးစီးအဖွဲ့မှ (၁၀-၁၂-၁၉၉၃) ရက်စွဲပါစာအမှတ်၊ ၁၄၉/၃-၁/စ၀တ(စက)ဖြင့် ဦးမင်းမြင့်ဆွေ အမည်ဖြင့် အိမ်ကွက် မြေနေရာချထား ပေးသော မြေဖြစ်ကြောင်း၊ (၁၃-၆-၂၀၁၅)ရက်နေ့တွင် ဦးမင်းမြင့်ဆွေမှ ဒေါ်ဟန် စုယဉ် သို့လည်းကောင်း၊ (၁၀-၁- ၂၀၁၉)ရက်နေ့တွင် ဒေါ်ဟန်စုယဉ်မှ ဦးမြင့်ကျော် သို့လည်းကောင်း အရပ်ကတိစာချုပ်များဖြင့် အဆင့်ဆင့် ရောင်းချထားကြောင်း၊ (၂၃-၆-၂၀၂၀)ရက်နေ့တွင် မြေပိုင်ဆိုင်သူ ဦးမြင့်ကျော်မှ လွန်ခဲ့သော (၁)နှစ်ကျော်မှ စီမံခန့်ခွဲ အကျိုးခံစားခွင့်ရရှိနေထိုင်ခဲ့သည်မှာ မှန်ကန်ပါကြောင်း စစ်ကိုင်းမြို့နယ် တရားရုံးတွင် ကျမ်းကျိန်ဆိုထားကြောင်း၊ (၂၄-၇-၂၀၂၀) ရက်နေ့တွင် မြေပိုင်ဆိုင်သူ ဦးမြင့်ကျော်နှင့် မြေငှားဂရန်လျှောက်ထားသူ ဦးစိုးမြတ်သူတို့ တရားဝင် အရောင်း အဝယ် စာချုပ်ချုပ်ဆိုပြီး မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ထား ကြောင်း၊ မြေဝယ်ယူပိုင်ဆိုင်သူ ဦးစိုးမြတ်သူမှ ၎င်းအမည်ဖြင့် မြေငှားဂရန်အသစ် ထုတ်ပေးနိုင်ပါရန် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူ မည်သူမဆို ယင်းမြေကွက်နှင့်ပတ်သက်ပြီး ယနေ့မှစ၍ (၁၅)ရက်အတွင်း စစ်ကိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ (ရုံးချိန်အတွင်း) တရားဝင်ပိုင်ဆိုင်မှု အထောက် အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း နှင့် သတ်မှတ်ရက်ကျော်လွန်ပြီးမှ တင်ပြလာခြင်းကို လက်ခံစဉ်းစားမည်မဟုတ်ဘဲ တည်ဆဲမြေယာ အက်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**စစ်ကိုင်းခရိုင် ၊ စစ်ကိုင်းမြို့**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6I/1890 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**ကညန(ရွှာသာကြီး**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2J/4580 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွှာသာကြီး)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5I/6670 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**ကညန(ရွှာသာကြီး)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5I/6658 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွှာသာကြီး)**

## ပုဂံညောင်ဦးမြို့မှ မီနီအိုးဝေ ယာဉ်မောင်းများသိစေရန်

Oway Ride Co.,Ltd.သည် ပုဂံညောင်ဦးမြို့တွင် မီနီအိုးဝေ သုံးဘီးယာဉ်များအား ၂၀၁၈ ခုနှစ်တွင် (၃)နှစ် အရစ်ကျ စနစ်ဖြင့် ရောင်းချခဲ့ပါသည်။ ထိုသို့ ရောင်းချခဲ့သည်မှာ (၃)နှစ် ကျော်လွန်လာခဲ့ပြီး အချို့ယာဉ်မောင်းများမှာ ငွေပေးသွင်းရန် ပျက်ကွက်နေသည်မှာ တစ်နှစ် ကျော်ခဲ့ပြီဖြစ်သဖြင့် ကုမ္ပဏီအနေဖြင့် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်နေ ပါသည်။ သို့ဖြစ်ပါ၍ ယခုကြော်ငြာသည့်ရက်မှစ၍ (၁)လ အတွင်း ငွေပေးသွင်းရန် ကျန်ရှိနေသော ယာဉ်မောင်းများမှ စာချုပ်ပါ အချက် အလက်များအတိုင်း ငွေပေးသွင်းရန်(သို့မဟုတ်) ယာဉ်ပြန်အပ်ရန် အကြောင်းကြားအပ်ပါသည်။ ပျက်ကွက်ခဲ့ပါက တရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**Oway Ride Co.,Ltd.**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

